WWF

REPORT

MM

2018

ဧရာဝတီမြစ်နှင့် မြန်မာ့စီးပွားရေး

အခန်း (၁) – မြစ်ဝှမ်းဒေသတွင် နေထိုင် လုပ်ကိုင်နေသူများ၏ ရှုထောင့်မှ အန္တရာယ်နှင့် အခွင့်အလမ်းများ

Published inMay 2018 by WWF-World Wide Fund For Nature (Formerly World Wildlife Fund). Any reproduction in full or in part must mention the title and credit the above-mentioned publisher as the copyright owner.

© Text 2018 WWF

All rights reserved

ISBN 978-2-940443-06-2

WWF is one of the world's largest and most experienced independent conservation organizations, with over 5 million supporters and a global Network active in more than 100 countries.

WWF's mission is to stop the degradation of the planet's natural environment and to build a future in which humans live in harmony with nature, by: conserving the world's biological diversity, ensuring that the use of renewable natural resources is sustainable, and promoting the reduction of pollution and wasteful consumption.

မာတိကာ

အကျဉ်းချုပ်

နိဒါန်း ၄
ဧရာဝတီမြစ်ကို တမူထူးခြားစေသည့် အချက်များ ၆
ဆက်နွယ်ချိတ်ဆက်နေသော မြစ်ဧရာ ၈
ဧရာဝတီ မြစ်ဝှမ်းငယ်များ ကြုံတွေ့နေရသည့် ဘေးအန္တရာယ်များ ၉

ကဏ္ဍအမျိုးမျိုးက ဧရာဝတီကို မှီတည်နေပုံ ၁၀

စိုက်ပျိုးရေး ၁၂
ရေလုပ်ငန်းများ ၁၆
ဧရာဝတီလင်းပိုင် ၁၈
သတ္တုတွင်းနှင့် တူးဖော်ရေးလုပ်ငန်းများ ၂၀
ရေနံနှင့် သဘာဝဓာတ်ငွေ့ ၂၃
စက်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်းများ ၂၄
ရေကြောင်းပို့ဆောင်ရေး ၂၇
ဆောက်လုပ်ရေး ၂၈
ခရီးသွားလုပ်ငန်း ၃၁
စွမ်းအင် ၃၂

နိဂုံးချုပ် လေ့လာတွေ့ရှိမှုများ ၃၅

ကျမ်းကိုးစာရင်း ၃၉

နိဒါန်း

မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်သည် အလွန်ထူးခြားသော မြစ်တစ်စင်း ဖြစ်ပါသည်။ ၎င်းသည် အရှေ့တောင်အာရှရှိ လွတ်လပ်စွာ စီးဆင်းနေဆဲ အကြီးဆုံး မြစ်များထဲမှ တစ်စင်း ဖြစ်သည်။ လွတ်လပ်စွာ စီးဆင်းနေဆဲ မြစ်ဟူသော ခေါင်းစဉ်အောက်တွင် ရှိသည့် မြန်မာနိုင်ငံကို ဖြတ်၍ စီးဆင်းနေသော အခြား တစ်ခု တည်းသော မြစ်မှာ သံလွင်မြစ်ပင် ဖြစ်သည်။

လွတ်လပ်စွာ စီးဆင်းနေဆဲ မြစ်ဆိုသော်လည်း သဘာဝအတိုင်း မပြောင်းလဲဘဲ စီးဆင်းနေသော မြစ်တော့ မဟုတ်ချေ။ ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးအတွက် အင်ဂျင်တစ်လုံးလိုပင် ဖြစ်သည်။ ၎င်းသည် မြန်မာ ပြည်သူများအတွက် ဆန်စပါးနှင့် ငါးကို ပေးသည့်အပြင် မြစ်ကြောင်းတလျှောက် မြစ်အထက်ပိုင်းနှင့် အောက်ပိုင်းဒေသ ကုန်စည်ကူးသန်း ရောင်းဝယ်ရေးအတွက် သယ်ယူပို့ဆောင်ရေးကိုလည်း အထောက်အကူပြုသည်။ ထို့အပြင် ရေအားလျှပ်စစ် ထုတ်လုပ်သော တာဘိုင်များအတွက်လည်း ဧရာဝတီမြစ်ရေကို အသုံးပြုကြသည်။ ထို့အတူ အိမ်၊ ရုံး၊ လမ်းများ ဆောက်လုပ်ရာတွင်လည်း မြစ်ထဲမှ သဲကို လိုအပ်သည်။

ဤစာတမ်းတွင် ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးတွင် မတူညီသော နည်းလမ်းများဖြင့် အရေးပါနေကြောင်း ဖော်ပြသွားမည် ဖြစ်သည်။ ထို့ပြင် မြစ်အတွင်း နှစ်ပေါင်းထောင်ချီ ရှိခဲ့သော သဘာဝအတိုင်း လည်ပတ်နေသည့် စနစ်များကို မထိခိုက်စေဘဲ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးနိုင်သည့် ဘက်မျှသော ဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါပုံကို မီးမောင်းထိုးပြလိုသော ရည်ရွယ်ချက်လည်း ပါဝင်သည်။ ယင်းသည် မြစ်ကြောင်းတလျှောက်ရှိ ဆက်စပ်ပတ်သက်သူများ တွေ့ကြုံလေ့လာခဲ့ရသော ဘေးဖြစ်နိုင်ချေများနှင့် အခွင့်အလမ်းများဆိုင်ရာ ရှုမြင်သုံးသပ်မှု ပေါင်းစုံကို စုစည်းထားခြင်းလည်း ဖြစ်သည်။

ဧရာဝတီမြစ်ကို တမူထူးခြားစေသည့် အချက်များ

မြစ်ကြီးတစ်စင်း

- အရှည် ၂၁၇၀ ကီလိုမီတာ
- ဧရိယာ **၄၁၃၇၁၀ စတုရန်း ကီလိုမီတာ**
- မြန်မာနိုင်ငံတွင်း ၉၁%၊ တရုတ်တွင် ၅%၊ အိန္ဒိယတွင် ၄%

မြစ်ဝှမ်းဒေသ

- ဧရာဝတီ မြစ်ဝှမ်းဒေသ (ARB) သည် မြန်မာနိုင်ငံတွင် အကြီးဆုံးနှင့် စီးပွားရေးအရ အရေးပါဆုံး မြစ် ဖြစ်သည်
- နိုင်ငံ ကုန်းမြေ၏ ၆၁% လွှမ်းခြုံမှု ရှိသည်
- မြန်မာ့ အကြီးဆုံး မြို့ကြီး ၅ မြို့သည် ဤမြစ်ဝှမ်းဒေသတွင် တည်ရှိသည်

ဤမြစ်ကြီးသည် ဂျာမနီနိုင်ငံထက် ၁၀% ပိုကြီးသော လွှမ်းခြုံမှုရှိသည်

လူ ၃၄ သန်း ဤမြစ်ဝှမ်းတွင် နေထိုင်ကြသည်

လူများ

- ဤမြစ်ဝှမ်းတွင် **မြန်မာ့လူဦးရေ၏ ၆၆%** (လူ ၃၄ သန်း) နေထိုင်ကြသည်
- ပျမ်းမျှအားဖြင့် မြစ်ဝှမ်းဒေသ၏ တစ်စတုရန်းမီတာတိုင်း လူ ၇၉ ဦး နေထိုင်သည်
- ထိုသူ အများစုသည် ဧရာဝတီ၏ **စိုက်ပျိုးရေး ပင်မနေရာများ** ဖြစ်သည့် **အပူပိုင်းဇုံနှင့် မြစ်ဝကျွန်းပေါ်ဒေသ** – အထူးသဖြင့် **ရန်ကုန် နှင့် မန္တလေးတွင်** နေကြသည်

ဇီဝမျိုးစုံမျိုးကွဲ

- ကမ္ဘာပေါ်တွင် **ဇီဝမျိုးစုံမျိုးကွဲ** အပေါများဆုံး ဒေသများအနက် တစ်ခု
- နို့တိုက်သတ္တဝါ၊ ငှက်နှင့် တွားသွားသတ္တဝါ မျိုးစိတ်ပေါင်း ၁၄၀၀ ခန့်
- ယင်းတို့အနက် ၁၀၀၀ ကျော်သည် ကမ္ဘာပေါ်မှ မျိုးသုဉ်းလု ဖြစ်သည်
- ငါးမျိုးစိတ်ပေါင်း ၃၈၈ မျိုး ဖော်ထုတ်တွေ့ရှိပြီး
- ယင်းတို့၏ ၅၀% သည် ဧရာဝတီမြစ်တွင်သာ ရှိသော မျိုးရင်းများ ဖြစ်
- မြစ်အတွင်း စစ်တမ်း ကောက်ချိန်တိုင်း **မျိုးစိတ်သစ်များ ထပ်တွေ့ရ**

မျိုးစိတ်သစ်များကို မြစ်အတွင်း စစ်တမ်း ကောက်ချိန်တိုင်း ထပ်တွေ့ရသည်

မြစ်မှ ပံ့ပိုးပေးသော ဝန်ဆောင်မှုပမာဏသည် နှစ်စဉ် နိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၂ မှ ၇ ဘီလီယံထိ ရှိသည်

ဧရာဝတီမြစ်ဝှမ်းတွင် မြန်မာနိုင်ငံ၏ အဓိက မြို့ကြီးများ ရှိသည်

- မုံရွာ ၁၈၂၀၀၀
- ပုသိမ် ၂၃၇၀၀၀
- မန္တလေး ၁.၂ သန်း
- နေပြည်တော် ၁.၂ သန်း
- ရန်ကုန် ၅ သန်း

တမူထူးခြားသောသဘာဝပြောင်းလဲမှုဖြစ်စဉ်များ

မြစ်၏ သဘာဝ ပြောင်းလဲမှုဖြစ်စဉ်များမှာလည်း စိတ်ဝင်စားစရာ ကောင်းလှသည်။ ဥပမာ မြစ်၏ နုံးပို့ ချမှုသည် အလွန်ထူးခြားသည်။ ဧရာဝတီမြစ်သည် ကမ္ဘာပေါ်ရှိ မြစ်များထဲတွင် ရေစီးဆင်းမှုနှုန်းအရ ၂၂ စင်းမြောက် အကြမ်းဆုံး ဖြစ်သည်။

နုံးပို့ချမှု ဖြစ်စဉ်

မြစ်သည် မျောပါ နုံးအနည်အနှစ်များကို ခန့်မှန်းခြေ နှစ်စဉ်တန်ပေါင်း ၂၆၁ မှ ၃၆၄ သန်းခန့်ပို့ချသည်။ ထိုသဲ၊ ကျောက်စရစ်၊ ကျောက်ခဲများ ပါဝင်သော နုံးပို့ချမှုသည် လူနေမှုသိပ်သည်း၍ နိုင်ငံ၏ ဆန်စပါး နှင့် ငါးများ ရရှိရာ ပင်မ အရင်းအမြစ်ဖြစ်သော မြစ်ဝကျွန်းပေါ်ဒေသ၏ မြေဆီမြေနှစ်က ကြွယ်ဝစေသော အသက်ပင်ဖြစ်သည်။

မြစ်မှထောက်ပံ့ပေးနေသော တန်ဖိုးမဖြတ်နိုင်သော အရာများ

ဧရာဝတီမြစ်ဝှမ်းလွင်ပြင်ဒေသတွင် မြစ်မှထောက်ပံ့ပေးသော၊ ပံ့ပိုးပေးသာ အခြား သဘာဝ ပြောင်းလဲမှုဖြစ်စဉ်များ သို့မဟုတ် ဂေဟစနစ်လုပ်ဆောင်မှုများလည်း များစွာရှိသည်။ မြစ်သည် ဆည်မြောင်း ရေပေးဝေခြင်း၊ ကုန်းတွင်း ရေကြောင်းသွားလာရေး၊ ငါးလုပ်ငန်းများနှင့် ရေလုပ်ငန်းများ၊ သောက်သုံးရေပေးဝေခြင်း၊ ဇီဝဗေဒမျိုးစုံမျိုးကွဲများနှင့် သဘာဝအခြေပြု ခရီးသွားလုပ်ငန်းများစသည်တို့ကို ပံ့ပိုးထောက်ပံ့လျက်ရှိသည်။ ၎င်းလုပ်ဆောင်မှုများကို ဧရာဝတီမြစ်ဝှမ်း အခြေအနေ ဆန်းစစ်လေ့လာမှု အစီရင်ခံစာ (၂၀၁၈)တွင် စီးပွားရေးအရ တွက်ချက်တင်ပြထားပါသည် ။ ထိုတွက်ချက်တင်ပြချက်တွင် မြစ်မှပံ့ပိုးပေးသော ပမာဏသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၂၀၀၀ မှ ၇၀၀၀ အထိ တန်ဖိုးရှိကြောင်း ဖော်ပြထားသည်။ သို့သော် သိသာ ထင်ရှားသော တန်ဖိုး အတိအကျကိုမူ မတွက်ချက်နိုင်ချေ။ ထိုမတွက်ချက်နိုင်သောပမာဏတွင် ရေအားလျှပ်စစ်အပြင် ရေလွှမ်းမိုးမှု၏ မြစ်နှင့် ဂေဟဗေဒစနစ်အပေါ် သက်ရောက်သော ကောင်းကျိုး၊ဆိုးကျိုးများလည်း ပါဝင်သည်။ ထိုအစီရင်ခံစာတွင် ယင်းဂေဟဗေဒ လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးအပေါ် မည်ကဲ့သို့ ထောက်ပံ့ပေးသည်ကို ဖော်ပြထားသည်။

ဆက်နွယ်ချိတ်ဆက်နေသော မြစ်ရော

ဧရာဝတီမြစ်အတွင်းရှိ ကဏ္ဍများနှင့်မြစ်ဝှမ်းငယ်များ အပြန်အလှန်မှီတည်နေပုံ

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံရှိ အမျိုးမျိုးသောလုပ်ငန်းများ၏ နှလုံးသွေးကြော ဖြစ်သည်။ ၎င်း၏ မြစ်ဝှမ်းငယ်တစ်ခုချင်းစီတွင်လည်း မတူထူးခြားသော လိုအပ်ချက်များနှင့် ဘေးဖြစ်နိုင်ချေများ ရှိနေသည်။ WWF က ရန်ပုံငွေချထား ဆောင်ရွက်သည့် စီးပွားရေးအတွက် ဧရာဝတီမြစ်၏ အခန်းကဏ္ဍ စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် မြစ်ကြီး၏ မြစ်ဝှမ်းဒေသငယ်များ (အထက်ပိုင်း၊ ချင်းတွင်း၊ အလယ်ပိုင်း၊ မြစ်အောက်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများ) တွင် မြစ်က ထောက်ပံ့ပေးနေသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ဖော်ထုတ် သတ်မှတ်ရန်နှင့် ယင်းတို့ကို လိုလားမှုကြောင့် မြစ်နှင့် ယင်း၏အပေါ် မှီခိုနေရသော ကဏ္ဍများအပေါ် သက်ရောက်စေနိုင်မှုတို့ကို ဖော်ထုတ်သိရှိရန် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲတစ်ခုချင်းတွင် အစိုးရဘက်မှအရာရှိများ ၊ ပညာရေးနယ်ပယ်၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူမှုစီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများမှ လူအယောက် ၃၀ ခန့် ပါဝင်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် တက်ရောက်လာသူများကို ၎င်းတို့နေထိုင်ရာ ဒေသရှိ စီးပွားရေးကဏ္ဍများက မြစ်မှ ထောက်ပံ့ပေးသော အရာဝတ္ထုနှင့် ဝန်ဆောင်မှုများအပေါ် မည်ကဲ့သို့ မှီတည်နေသည်ကို ဖော်ထုတ် ဆွေးနွေးစေခဲ့သည်။ ယင်းတွင် ရေပေးဝေရေး အတွက် မြစ်ရေကဲ့သို့သော ထောက်ပံ့ပေးသည့် ဝန်ဆောင်မှု၊ ငါးများ ပေါက်ပွားရန် ရေလွှမ်းလွင်ပြင်များ ကဲ့သို့သော ထိန်းညှိပေးသည့် ဝန်ဆောင်မှုများ၊ ဇီဝမျိုးစုံမျိုးကွဲများ အတွက် ဖူလုံသော စားကျက်မြေများ ကဲ့သို့သော ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများ၊ ခရီးသွားလုပ်ငန်းများနှင့် မြစ်ဝှမ်းဒေသတလျှောက် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဌာနများအတွက် ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ဝန်ဆောင်မှုများ စသည်တို့ပါဝင်သည်။

တက်ရောက်လာသူများကို ၎င်းတို့နေထိုင်ရာဒေသရှိ မြစ်ကြောင်းတလျှောက် ဘေးဖြစ်နိုင်ချေများ ဖန်တီးမှုနှင့် အရာဝတ္ထုများနှင့် ဝန်ဆောင်မှုများ ထောက်ပံ့ပေးနေသည့် အထက်ပါ ကဏ္ဍများက မြစ်စီးဆင်းမှု စနစ်အပေါ် မည်သို့ သက်ရောက်မှု ရှိသည်တို့ကို ဖော်ထုတ်ဆွေးနွေးစေခဲ့သည်။

မြစ်ဝှမ်းငယ် တစ်ခုချင်းစီတွင် ဖော်ထုတ်ရရှိမှု အများဆုံးဖြစ်သော ပြဿနာများကို ပုံတွင် ဖော်ပြထားသည်။ ထိုပြဿနာများတွင် ရေကြီးရေလျှံခြင်း၊ ကမ်းပါးပြိုခြင်း၊ ညစ်ညမ်းခြင်း၊ နုန်းအနည် ပို့ချခြင်း၊ ရေကြောင်းသွားလာရေး ခက်ခဲလာခြင်း၊ မြစ်ကြောင်းပြောင်းလဲခြင်းနှင့် ငါးမျိုးစိတ်များ လျော့နည်းလာခြင်းတို့ ပါဝင်သည်။

မြစ်ဝှမ်းငယ်တစ်ခုချင်းစီအတွင်းရှိ ကဏ္ဍများမှ သက်ရောက်သော ဆိုးကျိုးများသာမက မြစ်ညာမှသည် မြစ်ဝကျွန်းပေါ်ထိ အပြန်အလှန် ဆက်စပ်နေမှုများလည်း ရှိသည်။ ဥပမာအားဖြင့် မြစ်အထက်ပိုင်းတွင် သစ်တောပြုန်းတီးမှုသည် မြစ်အောက်ပိုင်းတွင် နုန်းအနည်ပို့ချမှု သို့မဟုတ် ကမ်းပြိုမှုများကို ဖြစ်ပေါ်စေသည်။ ထိုသို့သော နုံး အနည်အနှစ်များ ပို့ချမှုက မြစ်ပြင်ကို ကျယ်၍ တိမ်လာစေကာ ရေပြင်တွင် လှေများ သွားလာရန် ခက်ခဲစေသည်။ မြစ်ညာပိုင်းတွင် ဓာတုမြေသြဇာများနှင့် ပိုးသတ်ဆေးများ အသုံးပြုမှုက မြစ်အောက်ပိုင်းနေသူများအတွက် ရေထုညစ်ညမ်းမှုကို ဖြစ်စေသည်။ စိုက်ပျိုးရေးအတွက် ကောင်းကျိုး ဖြစ်စေနိုင်သော ရေလွှမ်းလွင်ပြင်များဖြစ်ပေါ်မှုကိုလျော့နည်း စေသည်။ ဤအချက်များသည် မြစ်ဝှမ်းဒေသကြီး တလျှောက် ပထဝီအနေအထားအရ သယ်ဆောင်လာပေးသည့် ဘေးဖြစ်နိုင်ချေ နည်းလမ်းများထဲအနက် အနည်းငယ်သာ ရှိသေးသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများသည်အထူးသဖြင့်ဧရာဝတီမြစ်နှင့်မြစ်လက်တက်များရှိရာအထက်ပိုင်းတွင်တည်ရှိပါက ပိုမို၍ အလွန်အရေးကြီးပြီး မြစ်အောက်ပိုင်းတွင် နေထိုင်သူများအပေါ် သက်ရောက်နိုင်မှုများကို ထည့်သွင်းစဉ်းစားရပါမည်။ ထိုသို့ သက်ရောက်စေမှုများတွင် ရေရရှိနိုင်မှုနှင့် ရေအရည်အသွေးတို့အပေါ်သာ သက်ရောက်သည်မဟုတ်ဘဲ ရေစီးဆင်းမှုနှုန်းများ၊ နုံးအနည်အနှစ်ပို့ချမှု ဖြစ်စဉ်များအပေါ်တွင်ပါ သက်ရောက်စေသည်။ လတ်တလောတွင် မြစ်အောက်ပိုင်းရှိ ဆက်စပ်ပတ်သက်သူများက ဖော်ထုတ်ပြောပြခဲ့သော ရေကြီးရေလျှံမှု ဆိုးကျိုးများမှာ မြစ်အထက်ပိုင်းရှိ နုံးအနည်အနှစ်ပို့ချမှုများကြောင့် ဖြစ်နိုင်သည်။ ထိုသို့မြစ်ဝကျွန်းပေါ်ဒေသသို့ နုံးပို့ချမှုနည်းသွားသောကြောင့်ဒေသသည် ပင်လယ်ထဲသို့ နိမ့်ဆင်းလာ၍ နစ်မြုပ်လာနိုင်သည်။ နုံးပို့ချမှုနည်းလာရခြင်းမှာ ဆည်များကြောင့် ရေစီးဆင်းမှုနည်းလာခြင်း၊ နုံးများသယ်ယူပို့ချမှုကိုဆည်များ မှဟန့်တားထားသကဲ့သို့ဖြစ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအ တွက်သဲ များထုတ်ယူခြင်း စသော အကြောင်းများစွာပါဝင်သည်။ ထိုအချက်တစ်ခုချင်းစီသည် သိသာစွာ သက်ရောက်မှု မရှိသော်လည်း အချက်အားလုံး တပြိုင်တည်းဖြစ်နေသောကြောင့် မြန်မာနိုင်ငံ လူဦးရေအများစုနေထိုင်ရာ၊ အခြေခံအဆောက်အအုံများ၊ ဆန်စပါး နှင့်ငါးများ ထုတ်လုပ်ရာ မြစ်ဝကျွန်းပေါ်ဒေသသည် ထိခိုက်ဆုံးရှုံးမှုဖြစ်နိုင်သော ဒေသဖြစ်လာသည်။

ဧရာဝတီမြစ်ဝှမ်းထဲတွင် ကြုံတွေ့နေရသော ထိခိုက်ဆုံးရှုံးစေနိုင်သော ဆိုးကျိုး အခြေအနေများ



ကဏ္ဍအမျိုးမျိုးက ဧရာဝတီမြစ်အပေါ် မှီတည်နေပုံ



၎င်းတို့ထံမှ သက်ရောက်မှုများ

စိုက်ပျိုးရေး

စိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍများအနက် တစ်ခုဖြစ်ပြီး ပြည်တွင်း အသားတင် ထုတ်ကုန် တန်ဖိုး၏ ၃၂%၊ ပို့ကုန်များမှ ရရှိသော ဝင်ငွေ စုစုပေါင်း၏ ၁၇.၅% နှင့် အလုပ်အကိုင် အခွင့်အလမ်း ၆၁.၂% ထောက်ပံ့ပေးနိုင်သည်။ (FAO ၂၀၀၉-၂၀၁၀)

စိုက်ပျိုးရေးကဏ္ဍ ဤသို့ တန်ဖိုးမြင့်တက်နေရခြင်းမှာ ကောင်းမွန်သော ရေဝတီမြစ်မှ ထောက်ပံ့ပေးသော ဂေဟစနစ် ဝန်ဆောင်မှုများကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် ရေဝတီမြစ်မှ ဆည်မြောင်းရေပေးဝေရေးလုပ်ငန်းများသို့ ထောက်ပံ့ပေးသောရေသည် တန်ဖိုးအားဖြင့် နွေရာသီတွင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၆၂ မှ ၁၂၂သန်းအတွင်း ဖြစ်ပြီး မိုးရာသီတွင် အမေရိကန်ဒေါ်လာ ၂၉ မှ ၅၀ သန်းခန့်အတွင်း ရှိသည်ဟု ခန့်မှန်းထားသည်။ ဤတန်ဖိုးကိုကြည့်ခြင်းဖြင့် မြစ်မှပံ့ပိုးပေးသောသန့်ရှင်းသောရေတစ်မျိုးတည်းသည်ပင် စိုက်ပျိုးရေး ထွက်ကုန်တန်ဖိုး၏၆%ခန့် ထောက်ပံ့ပေးနေကြောင်းသိနိုင်သည်။ ဤသည်မှာ မြစ်မှထောက်ပံ့ပေးသော ရေတစ်ခုတည်းကိုသာ တွက်ချက် ထားခြင်းဖြစ်ပြီး အခြားထောက်ပံ့ပေးသော အရာများ (ဥပမာအားဖြင့် သဲ) ကို ထည့်သွင်းတွက်ချက်ထားခြင်းမဟုတ်သေးချေ။

ဆန်စပါးသည် အဓိကစိုက်ပျိုးသီးနှံဖြစ်ပြီး ဧရိယာအားဖြင့်ဟက်တာပေါင်း ၈ သန်းခန့်တွင် စိုက်ပျိုးကြသည်။ အထူးသဖြင့် မိုးရာသီတွင် အများဆုံးစိုက်ပျိုးသည်။ အခြားကောက်ပဲသီးနှံများကိုမူ နွေနှင့်ဆောင်းရာသီတွင် စိုက်ပျိုးသည်။ ပဲအမျိုးမျိုးကို ဒုတိယအများဆုံး (ဧရိယာဟက်တာပေါင်း ၄သန်းခန့်) စိုက်ပျိုးကြပြီး နွေနှင့်ဆောင်းရာသီတွင်အများဆုံးစိုက်ပျိုးသည်။ အခြား ပြောင်းဆန်၊ မြေပဲ၊ နေကြာ၊ နှမ်းနှင့် အခြားသီးနှံများကိုလည်း စိုက်ပျိုးကြ၍ ဧရိယာပေါင်း ဟက်တာ ၂.၅သန်းခန့်ရှိသည်။ ရေဝတီမြစ်ဝှမ်းသည် ကောက်ပဲသီးနှံများ အများဆုံးစိုက်ပျိုးရာဒေသ ဖြစ်သည်။

မြန်မာ့ ကောက်ပဲသီးနှံများ ထွက်ရှိရာ နေရာ



စိုက်ပျိုးရေးကဏ္ဍ ထိခိုက်ဆုံးရှုံးစေနိုင်သော အခြေအနေ

ထွက်နှုန်း အများဆုံးဖြစ်သော ဧရာဝတီ မြစ်ဝှမ်းလွင်ပြင်ဒေသသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အခံရဆုံးသော ဇုံထဲတွင် တည်ရှိနေသည်။ နောင်တွင်ဖြစ်လာနိုင်သော ဆိုင်ကလုန်းများ၊ ရေကြီးရေလျှံမှု၊ မိုးရေချိန် မြင့်တက်ခြင်း၊ နေ့အပူချိန် မြင့်တက်ခြင်း၊ မိုးခေါင်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း အစရှိသော ရာသီဥတုပြောင်းလဲမှုများကြောင့် နိုင်ငံ၏ စားနပ်ရိက္ခာ ကဏ္ဍသည် ထိခိုက်လာနိုင်သည်။

ဥပမာအားဖြင့်ဆန်စပါးအဓိကစိုက်ပျိုးရာဒေသများသည်ကမ်းရိုးတန်းဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့ဖြစ်ပြီး အခြားကောက်ပဲသီးနှံများအများဆုံးစိုက်ပျိုးရာဒေသများသည် အလယ်ပိုင်းမိုးနည်း ရပ်ဝန်းတွင် တည်ရှိသည်။ သို့သော်ရာသီဥတုပြောင်းလဲမှုများကြောင့် ကမ်းရိုးတန်းဒေသများတွင် အချိန်တိုတောင်း၍ ဆိုးရွားပြင်းထန်သောမိုးရာသီတွင် မိုးရေချိန်လက်မတိုးလာမှုကို ကြုံတွေ့လာရမည်ဖြစ်ပြီး ရေလွှမ်းမိုးမှုဖြစ်စဉ်များလည်း တိုးပွားလာမည်။ တစ်ချိန်တည်းမှာပင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် ပင်လယ်ရေ ဝင်ရောက်မှု ပြဿနာများလည်း ပိုမိုဖြစ်လာမည်။ ဆိုင်ကလုန်းမုန်တိုင်းများကလည်း ရေကြီးရေလျှံမှုများနှင့် လေတိုက်နှုန်းပြင်းထန်မှုများကို ပိုမိုဆိုးရွားလာစေမည်။ အလယ်ပိုင်းမိုးနည်းရပ်ဝန်းဒေသတွင်မူ မိုးခေါင်ရေရှားပါးမှုများ ပိုမိုပြင်းထန်လာမည်ဖြစ်ပြီး မိုးရာသီကာလသည်လည်း တိုတောင်းလာမည်ဖြစ်သည်။ အပူချိန်များလည်း မြင့်တက်လာမည်ဖြစ်ပြီး ၂၀၅၁ ခုနှစ်တွင် အပူချိန် ၄ ဒီဂရီဆဲလ်စီးယပ် မြင့်တက်လာမည်ဟု ခန့်မှန်းရသည်။

မြန်မာနိုင်ငံ၏ မည်သည့်နေရာများတွင် မည်ကဲ့သို့သော ရာသီဥတုပြောင်းလဲမှုများကို ကြုံတွေ့နေရပါသနည်း။



ဆန်စပါး

ဆန်စပါးသည် စိုက်ပျိုးရေးထုတ်ကုန် တန်ဖိုး စုစုပေါင်း၏ ၄၃% ရှိပြီး ဒုတိယ တန်ဖိုးအမြင့်ဆုံးဖြစ်သည့် မွေးမြူရေးထုတ်ကုန်ထက် ၅ ဆ ပိုသည်။ ဤသို့ဖြစ်ရခြင်းမှာ မြန်မာနိုင်ငံ၏ ရေသယံဇာတ ကြွယ်ဝမှုနှင့် စိုက်ပျိုးမြေကောင်းသော မြစ်ဝကျွန်းပေါ်ဒေသတို့ကြောင့် ဖြစ်သည်။

ပြည်နယ်နှင့်တိုင်းဒေကြီးအားလုံး ပေါင်းကြည့်မည်ဆိုပါက ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသသည် စိုက်ပျိုးရေးအတွက် အလွန်အရေးကြီးကြောင်း သိနိုင်သည်။ မြစ်ဝကျွန်းပေါ်ဒေသသည် မြစ်ဝှမ်းတစ်ခုလုံးရှိ စပါးစိုက်ပျိုးမြေ စုစုပေါင်း၏ ၆၉% သာ ပိုင်ဆိုင်သော်လည်း နိုင်ငံ့ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု၏ ၇၁% ကို ထုတ်လုပ်ပေးနိုင်နေသဖြင့် မြန်မာ့ “ဆန်အိုးကြီး” ဟု တင်စား ခေါ်ဝေါ်ထိုက်သည့်ဒေသ ဖြစ်သည်။ ယင်းကိုကြည့်ခြင်းဖြင့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၏ တစ်ဧက ထွက်နှုန်းသည် ကျန်ဒေသများထက် ပိုများကြောင်း သိနိုင်သည်။

ပဲအမျိုးမျိုး

မြန်မာနိုင်ငံတွင် ဒုတိယအများဆုံး စိုက်ပျိုးသော သီးနှံမှာ ကုလားပဲ၊ ပဲစင်းငုံ အစရှိသော ပဲအမျိုးမျိုး ဖြစ်သည်။ အိန္ဒိယ (ပဲအမျိုးမျိုးတင်ပို့မှု၏ ၅၈%) နှင့် တရုတ် (ပဲအမျိုးမျိုး တင်ပို့မှု၏ ၁၈%) တို့သည် မြန်မာ့ ပဲအမျိုးမျိုးကို အဓိက ဝယ်ယူ တင်သွင်းသည့် နိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကနေဒါနိုင်ငံ၏ နောက်တွင် ပဲတင်ပို့မှု ဒုတိယ အများဆုံး နိုင်ငံအဖြစ် ရပ်တည်နေသည်။

ယခုအခါ ပဲအမျိုးမျိုးသည် စိုက်ပျိုးရေးထုတ်ကုန်များအနက် နိုင်ငံခြားဝင်ငွေ အများဆုံး ရရှိသည့် အမျိုးအစား ဖြစ်ပြီး ပို့ကုန်စုစုပေါင်း၏ ၁၂% (အမေရိကန်ဒေါ်လာ ၁.၄ ဘီလီယံခန့်) ရှိသည်။
၂၀၁၁ ခုနှစ်တွင် ပဲစိုက်ပျိုးသော ဧရိယာ ဟက်တာပေါင်း ၄.၄ သန်းခန့် (စပါးစိုက်ပျိုးသော ဧရိယာ၏ ၅၅% ခန့်) ရှိသည်ဟု ခန့်မှန်းချက်များအရ သိရသည်။ ပဲအမျိုးမျိုးကို အလယ်ပိုင်း မိုးနည်း ရပ်ဝန်း ဒေသတွင်အများဆုံးစိုက်ပျိုးကြပြီး မြစ်ဝကျွန်းပေါ်ဒေ သ၊ တောင်ပေါ်ဒေသများနှင့် ကမ်းရိုးတန်းဒေ သများတွင်လည်း စိုက်ပျိုးကြသည်။ တစ်နိုင်ငံလုံးဆိုင်ရာ စိုက်ပျိုးရေး စာရင်းဇယားများအရ မြန်မာနိုင်ငံအတွင် စိုက်ပျိုးထုတ်လုပ်သည့် ပဲအမျိုးမျိုး၏ ၉၆% ကို ဧရာဝတီမြစ်ဝှမ်းဒေသတွင် စိုက်ပျိုးခြင်း ဖြစ်သည်။

မွေးမြူရေး

၂၀၁၀ ခုနှစ်တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍသည် နိုင်ငံ့ ဂျီဒီပီ၏ ၇.၄% ရှိသည်။ သို့ရာတွင် တရားဝင် ဂျီဒီပီ ကိန်းဂဏန်းများအပြင် မွေးမြူရေးလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် တသားတည်း ဆက်စပ်နေကာ – နွား (နှင့်ကျွဲ) သည် ခွန်အားဖြင့် လုပ်ဆောင်ရမည့်ကိစ္စများကို လုပ်ဆောင်ပေးခြင်းနှင့် ကျေးလက်ဒေသများတွင် သယ်ယူပို့ဆောင်ပေးခြင်း၊ နို့နှင့် နို့ထွက်ပစ္စည်းများ ထောက်ပံ့ပေးခြင်း စသည်တို့ဖြင့် လူသားတို့ကို အကျိုးပြုပေးသည်။ ထို့ပြင် အခြားမွေးမြူရေးသတ္တဝါများသည်လည်း အစားအစာနှင့် ဝင်ငွေတိုးပွားစေခြင်းဖြင့် လူသားတို့ကို အကျိုးပြုသည်။

၂၀၁၂ ခုနှစ် စာရင်းအရ မွေးမြူရေးလုပ်ငန်းများတွင် နွား ၁၄ သန်း၊ ကျွဲ ၃.၁ သန်း၊ သိုးနှင့် ဆိတ် ၄.၆ သန်း၊ ဝက် ၁၀.၃ သန်း၊ ကြက် ၁၇၂ သန်း၊ ဘဲ ၁၅ သန်းနှင့် အခြားမွေးမြူရေးကြက်များ ၁.၉ သန်း ရှိကြောင်း သိရသည်။ လူတစ်ဦးသည် တစ်နှစ်လျှင် အသား ၁၁.၃ ကီလိုဂရမ် (ဂျာမနီနိုင်ငံတွင် လူတစ်ဦးလျှင် နှစ်စဉ်စားသုံးသော အသားဂရမ် ၈၈ ကီလိုဂရမ်)၊ နို့ ၁၅.၃ ကီလို ဂရမ်နှင့် ဥအမျိုးမျိုး ၅၂ လုံးခန့် စားသုံးကြောင်း ခန့်မှန်းကြသည်။

မြန်မာနိုင်ငံရှိ မွေးမြူရေးကဏ္ဍမှ အသားထုတ်လုပ်မှု



နွားမွေးမြူရေးကို ဧရာဝတီမြစ်ဝှမ်း အလယ်ပိုင်း အပူပိုင်း မိုးနည်းရပ်ဝန်း ဒေသများတွင် အများဆုံးလုပ်ကိုင်ကြပြီး တစ်နိုင်ငံလုံး စုစုပေါင်း၏ ၅၀% ကျော်ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် မွေးမြူရေးထွက်ကုန်ပစ္စည်းများ တင်ပို့ရာမှ အမေရိကန် ဒေါ်လာ ၄၇.၁သန်း ရရှိခဲ့သည်။ ဤပမာဏသည် ငါးပုဇွန်များ (ရေချိုနှင့် ပင်လယ်ငါးများ) တင်ပို့ရာမှ ရရှိသော အမေရိကန်ဒေါ်လာ ၆၄၁.၇သန်း နှင့် ကောက်ပဲသီးနှံများ တင်ပို့ရာမှ အမေရိကန် ဒေါ်လာ သန်းပေါင်း၂၆၀၀ နှင့် နှိုင်းယှဉ်လျှင် နည်းပါးသည်။ သို့ရာတွင် တရားဝင် ထုတ်ပြန်ချက်များအရ မွေးမြူရေးနှင့် နို့နှင့် နို့ထွက်ပစ္စည်းများ ကဏ္ဍသည် ကောက်ပဲသီးနှံ ကဏ္ဍနှင့် နှိုင်းယှဉ်လျှင် ပိုမိုလျင်မြန်စွာ ဖွံ့ဖြိုး တိုးတက်လာခဲ့သည်။ ဤအချက်ကို ဖော်ပြပါပုံကို ကြည့်ခြင်းဖြင့် သိနိုင်သည်။ ပုံတွင် အသားထုတ်လုပ်မှုသည် နှစ်အလိုက် လျင်မြန်စွာ တိုးလာကြောင်း သိနိုင်သည်။ အသားထုတ်လုပ်မှု ကဏ္ဍတွင် ကြက်သားသည် ထုတ်လုပ်မှု အများဆုံး ဖြစ်ပြီး ၂၀၁၀ ခုနှစ်တွင် ၉၉၅၃၈၀ တန် (အသားထုတ်လုပ်မှု စုစုပေါင်း၏ ၅၁.၃%) ဖြစ်သည်။ ဒုတိယနှင့် တတိယ အများဆုံးတို့မှာ ဝက်နှင့် အမဲသားတို့ ဖြစ်သည်။ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှု ကဏ္ဍသည်လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။

ရေလုပ်ငန်း

ဆန်စပါးကဲ့သို့ပင် ငါး သည် မြန်မာ့ စားနပ်ရိက္ခာ ကဏ္ဍတွင် အဓိကနေရာမှပါဝင်ပြီး တိရစ္ဆာန် ပရိုတင်းဓာတ် စားသုံးမှု၏ ၆၀% ခန့်ရှိသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြည့်လျှင်၂၀၁၀ ခုနှစ်တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍသည် နိုင်ငံ၏ အသားတင် ကုန်ထုတ်လုပ်မှု၏ ၇.၄% ဖြစ်သည်။

တရားဝင်စစ်တမ်းထုတ်ပြန်ချက်များအရ ရေလုပ်ငန်းမှ လူဦးရေ ၃.၂သန်းခန့် (၀.၁၅%)အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခဲ့ သည်။ ကောင်းမွန်သောမြစ်သည် ရေလုပ်ငန်းများ အပေါ် များစွာအကျိုးပြုသည်။ ဧရာဝတီမြစ်ဝှမ်း အခြေအနေ ဆန်းစစ်လေ့လာမှု အစီရင်ခံစာအရ မြစ်မှ ရေလုပ်ငန်း အပေါ် အကျိုးပြုခြင်းသည် တန်ဖိုးအားဖြင့် ရေချိုငါးဖမ်းလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၅၀ မှ ၅၃၀ အတွင်းရှိပြီး ရေလုပ်ငန်းမွေးမြူရေးများတွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၈၀မှ ၆၀၀ အတွင်း ရှိသည်။

အသစ်ထုတ်ပြန်ထားသော တရားဝင် စစ်တမ်းထုတ်ပြန်မှုများအရ မြန်မာငါးထုတ်လုပ်မှု၏ ၃ပုံ၁ပုံသည် ကုန်းတွင်းပိုင်း ငါးဖမ်း လုပ်ငန်းများမှ လည်းကောင်း၊ အခြား ၃ပုံ၁ပုံသည် ပင်လယ်ဘက်ငါးဖမ်းလုပ်ငန်းများမှလည်း ကောင်း၊ ကျန် ၃ပုံ၁ပုံ သည်ငါးမွေးမြူရေးလုပ်ငန်းများမှ လည်းကောင်း အဓိက ရရှိသည်။ ၂၀၁၅ခုနှစ်တွင် ဤသုံး မျိုးပေါင်းသည် ပမာဏအားဖြင့် တန်ပေါင်း ၂.၉သန်းခန့် ရှိသည်။ ကုန်းတွင်းပိုင်း ငါးဖမ်း လုပ်ငန်းများမှ တန်ပေါင်း ၈၆၃၀၀၀ (ထုတ်လုပ်မှုစုစုပေါင်း၏ ၃၀%)၊ ပင်လယ်ဘက်ငါးဖမ်းလုပ်ငန်းများမှ မက်ထရစ်တန်ပေါင်း ၁၀၆၂၀၀၀ခန့် (ထုတ်လုပ်မှုစုစုပေါင်း၏ ၃၇%) နှင့် ငါးမွေးမြူရေးလုပ်ငန်းများမှ မက်ထရစ်တန်ပေါင်း ၉၄၂၀၀၀ (ထုတ်လုပ်မှုစုစုပေါင်း၏ ၃၃%) ရရှိသည်။

မြန်မာနိုင်ငံ၏ရေထွက်ပစ္စည်းထုတ်လုပ်မှုအခြေအနေကို ပုံတွင်ဖော်ပြထားသည်။ ပင်လယ်ငါးဖမ်းလုပ်ငန်းသည် နှစ်အလိုက် အနည်းငယ်သာပြောင်းလဲမှုရှိကြောင်းတွေ့ရသည်။ ငါးမွေးမြူရေး လုပ်ငန်းသည် လျှင်မြန်စွာ တိုးတက်ပြောင်းလဲလာ၍ ကုန်းတွင်းပိုင်း ငါးဖမ်းလုပ်ငန်း မှာမူ ပြီးခဲ့သောနှစ်အနည်းငယ်အတွင်း ကျဆင်း လာကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးအလိုက် ရေလုပ်ငန်းမွေးမြူရေးလုပ်ငန်းများ



ဧရာဝတီ မြစ်ဝှမ်းလွင်ပြင်ဒေသသည် ကုန်းတွင်း ငါးဖမ်းလုပ်ငန်းများအတွက် အလွန်အရေးပါသော အရင်းအမြစ်ပင် ဖြစ်သည်။ သဘာဝမှ ဖမ်းယူသည့် ငါးလုပ်ငန်းများ အတွက်သာမက ငါးမွေးမြူရေး လုပ်ငန်းများ အတွက်ပါ အရေးပါသည်။ ဥပမာအားဖြင့် မြန်မာတစ်နိုင်ငံလုံး ငါးမွေးမြူရေးကန်များ၏ ၇၀% သည် မြစ်ဝကျွန်းပေါ်ဒေသ (ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီး) တွင် ရှိသည်။ နှိုင်းယှဉ်မှုအရ ဧရာဝတီ၏ အရေးပါပုံကို ပုံတွင် ဖော်ပြထားသည်။

ဧရာဝတီတွင် ငါးမွေးမြူရေး လုပ်ငန်း (တွက်ချက်မှုများအရ တစ်နှစ်လျှင် ၈% ခန့်) နှစ်စဉ် တိုးတက်လာနေမှုက မြစ်ဝှမ်းဒေသရှိ ဒေသငါးမျိုးရင်းများအပေါ် ထိခိုက်ဆုံးရှုံးစေမှုများ ဖြစ်နေစေသည်။ အထူးအားဖြင့် ဧရာဝတီမြစ်အတွင်း သဘာဝအတိုင်း ရှင်သန်ကျက်စား သည့် ငါးများနှင့် ပတ်သက်သော အချက်အလက်များ နည်းပါးသဖြင့် ထိုသို့ ထိခိုက်ဆုံးရှုံးစေနိုင်မှုသည့် စိုးရိမ်ဖွယ် အနေအထား ဖြစ်နေသည်။ ဧရာဝတီ မြစ်ဝှမ်းလွင်ပြင် ဒေသတွင် တွေ့ရသော ငါးမျိုးစိတ်ပေါင်း ၃၈၈ မျိုးအနက် ၃၁၁ မျိုးကို မြန်မာနိုင်ငံဘက်ခြမ်းတွင် တွေ့ရပြီး ကျန်မျိုးစိတ်များကို အိန္ဒိယနှင့် တရုတ်ဘက်အခြမ်းတွင် တွေ့ရသည်။ ထိုမျိုးစိတ် ၃၈၈ မျိုးတွင် ၁၉၃ မျိုး (၅၀%) ခန့်သည် ဤမြစ်ဝှမ်းဒေသတွင်သာ တွေ့ရခြင်း ဖြစ်ကာ ထိုအထဲတွင် မျိုးစိတ်ပေါင်း ၁၀၀ (၂၆%) ခန့်သည် မြန်မာဘက်ခြမ်းတွင်သာ တွေ့ရခြင်း ဖြစ်သည်။ ပြည်ပမှ တင်သွင်းလာသော ပြင်ပမျိုးစိတ် ငါးများက သဘာဝအတိုင်း ရှင်သန်ကျက်စားနေသော ဒေသမျိုးရင်း ငါးမျိုးစိတ်များကို လွှမ်းမိုး ခြိမ်းခြောက်လာဖွယ် အနေအထားကို တွေ့ရသည်။ ဧရာဝတီမြစ်ဝှမ်း အခြေအနေ ဆန်းစစ်လေ့လာမှု၏ ရေလုပ်ငန်းအပေါ် ဆန်းစစ်လေ့လာမှု အစီရင်ခံစာတွင် “သဘာဝအတိုင်း ဖြစ်နေသော အင်း၊ အိုင်၊ ရေကန်များတွင် မွေးမြူရေးငါးမျိုးစိတ်များ မွေးမြူခြင်း၏ ကောင်းကျိုး ဆိုးပြစ်များကို လေ့လာမှု ပြုလုပ်ခြင်း နည်းပါးနေသေးကြောင်း တွေ့ရသည်။ ရေလုပ်သားများကလည်း မွေးမြူရေးငါးများနှင့် သဘာဝအတိုင်း ရှင်သန်ကျက်စားသည့် ငါးများအကြား ရှင်သန်ရေးအတွက် ပြိုင်ဆိုင်ရမှုနှင့် သဘာဝအတိုင်း ရှင်သန်ကျက်စားသည့် ငါးမျိုး ဖမ်းဆီးရမိမှု အကြိမ်ကြိမ် ကျဆင်းခဲ့မှုများကို စောဒကတတက်ကြသည်။ ၂၀၀၇ ခုနှစ်တွင် အင်းလုပ်ငန်းများမှ ဖမ်းဆီးရမိမှု၏ ၇.၄% သာ ထိုအင်းထဲတွင် နဂိုမူလကပင် ရှိနေသော ဒေသမျိုးရင်းများ ဖြစ်ကြောင်းသိရသည်။ ဤအချက်သည် ပိုမို အသေးစိတ် လေ့လာရန် လိုအပ်နေကြောင်း ဖော်ပြနေသည်။” ဟုတင်ပြထားသည်။

ပင်လယ်ငါးဖမ်းလုပ်ငန်းများ၊ ရေချိုငါးဖမ်းလုပ်ငန်းများနှင့် ငါးပုဇွန်မွေးမြူရေးလုပ်ငန်းများ အခြေအနေ



ဧရာဝတီလင်းပိုင်

ငါးများအပြင် မြန်မာနိုင်ငံတွင် မျိုးသုဉ်းရန် အထူးစိုးရိမ်ဖွယ်ရှိသည့် ဧရာဝတီလင်းပိုင်များသည်လည်း ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည်။ ဧရာဝတီမြစ်ထဲတွင် အကြမ်းအားဖြင့် လင်းပိုင်ပေါင်း ၆၀ ခန့်သာ ကျန်ရှိတော့သည်။

ဧရာဝတီလင်းပိုင်များ ကျင်လည်ကျက်စားရာဒေသများသည် တိုးပွားလာသော လူတို့၏ လုပ်ဆောင်မှုများကြောင့် အန္တရာယ်ဖြစ်စေသော ဒေသများနှင့် အထူးပင် တထပ်တည်းကျနေသည်။ လင်းပိုင်ကောင်ရေ လျော့ကျလာမှု၏ အဓိကအကြောင်းရင်း မှာ အသေးစား ငါးဖမ်းလုပ်ငန်းများ၏ ငါးဖမ်းမှုများ (အထူးသဖြင့် ပိုက်တန်းချ ငါးဖမ်းမှုများ၊ လျှပ်စစ်ရှော့ရိုက် ငါးဖမ်းမှုများ) တွင် သေဆုံးရမှုကြောင့် ဖြစ်သည်။ ရေချိုဒေသများတွင် မြစ်ထဲရှိ တည်ရှိပြီးဖြစ်သော ဆည်များနှင့် တည်ဆောက်ရန် စီမံကိန်းရေးဆွဲပြီးဖြစ်သော ဆည်များကြောင့် စားကျက် နယ်မြေများ လျော့ကျလာခြင်းနှင့် ပျောက်ဆုံးခြင်း တို့သည် လင်းပိုင်များအတွက် မျိုးသုဉ်းစေနိုင်သော အကြောင်းအရင်းများထဲတွင် ပါဝင်သည်။ ထို့ပြင် ကမ်းရိုးတန်းဒေသရှိ စားကျက်နယ်မြေများ ပျောက်ဆုံးရခြင်းတွင်မူ ရေချိုစီးဆင်းမှု လျော့နည်းလာခြင်း၊ ကုန်သွယ်ရေး သင်္ဘောများ များပြားလာခြင်းနှင့် ရေထုညစ်ညမ်းလာမှု တို့ကြောင့် ဖြစ်သည်။

အချို့သော ရေလုပ်သားများက ဤကဲ့သို့ လင်းပိုင်များအပေါ် အန္တရာယ်ဖြစ်စေရခြင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ ချပေးသော ငါးဖမ်းလိုင်စင်များတွင် သန္ဓေတည်သည်ဟု ယူဆကြသည်။ ငါးဖမ်းလိုင်စင်ရရှိရန် အပြိုင်အဆိုင် လေလံတင်ရခြင်း၊ ငါးဖမ်းခွင့်ကာလ တိုတောင်းခြင်းများကြောင့် တရားမဝင် ငါးဖမ်းခြင်းများ ပိုမိုဖြစ်စေပြီး လင်းပိုင်များနှ င့် ရေနေသတ္တဝါများ သာမက တရားဝင် နည်းလမ်းတကျ ငါးဖမ်းသော ရေလုပ်သားများ၏ စီးပွားရေးကိုလည်း ထိခိုက်စေသည်။

အတူတကွပူးပေါင်းလုပ်ဆောင်ခြင်း

ဧရာဝတီလင်းပိုင်များ၏ လူတို့ကို အကျိုးပြုသောအချက်မှာ လူတို့၏ ငါးဖမ်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်၍ ကူညီပေးခြင်းပင် ဖြစ်သည်။ ထိုသို့ ကူညီပေးခြင်းသည် လူတို့အတွက် အလွန်အကျိုးရှိသည်။ လူသားတို့နှင့် လင်းပိုင်တို့ ပူးပေါင်း၍ ငါးဖမ်းခြင်းက ငါး ပိုမို ဖမ်းမိ၍ ဝင်ငွေတိုးကြောင်း ၂၀၀၆ နှင့် ၂၀၀၇ ခုနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာန(DOF) နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) တို့ ပြုလုပ်သော လေ့လာမှုက တွေ့ရှိခဲ့သည်။ သို့သော် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ရေလုပ်သားများ၏ ဝင်ငွေ ၁၇% ခန့် လျော့ကျလာကြောင်း သိရသည်။ ၄၀% သော ရေလုပ်သားများသည် အခြား ဝင်ငွေရရှိနိုင်သော နည်းလမ်းမရှိဘဲ ၃၈% သော ငါးဖမ်းသမားများသည် လယ်ယာ စိုက်ပျိုးခြင်းကို အပိုဝင်ငွေ ရရှိရန် မှီခိုကြောင်း သိရသည်။ သို့သော် လယ်ယာစိုက်ပျိုးခြင်းမှ ရရှိသော ဝင်ငွေသည် နှစ်အလိုက် ရာသီပေါ် မူတည်၍ ပြောင်းလဲနေပြီး ဝင်ငွေအတည်တကျမရှိချေ။

ခရီးသွားလုပ်ငန်း

သဘာဝအခြေပြု ခရီးသွားလုပ်ငန်းတွင် လင်းပိုင်နှင့် လူတို့ ပူးပေါင်းငါးဖမ်းမှုကို လက်တွေ့ကြည့်ရှုလေ့လာနိုင်မည့် နေရာသည် ကမ္ဘာပေါ်တွင် ဧရာဝတီ မြစ်ဝှမ်းလွင်ပြင်ဒေသတွင်သာ ရှိသည်။ မျိုးသုဉ်းမည့် အန္တရာယ် ကျရောက်နေသော ဧရာဝတီလင်းပိုင်များကိုလည်း လာရောက် ကြည့်ရှုနိုင်သည်။ ထိုသို့ကြည့်ရှုခြင်းဖြင့် ရေလုပ်သားများ၏ ဝင်ငွေကိုလည်း အနည်းငယ်တိုးစေ၍ လျှပ်စစ်ရှော့ရိုက် ငါးဖမ်းမှုကိုလည်း လျော့စေနိုင်မည် ဖြစ်သည်။ ထိုသို့ သဘာဝအခြေပြု ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်သင့်သည်မှာ သိသာထင်ရှားလှသည်။ ၂၀၁၆ ခုနှစ်တွင် ဧရာဝတီလင်းပိုင်များ အများဆုံး တွေ့ရသော မန္တလေးတိုင်းဒေသကြီးတွင် ခရီးသွားဧည့်သည် ၃၈၅၀၃၁ ယောက်ကျော် လာရောက်ကြောင်းသိရသည်။ ထိုသို့ လာရောက်ကြသူများတွင် အပျော်စီးသင်္ဘောများကို အသုံးပြုသူ ၁၉၈၁၀ ခန့် ရှိသည်။ ထိုသင်္ဘောများသည် ပုဂံသို့သွားသော သင်္ဘောများ ဖြစ်သော်လည်း ဧရာဝတီလင်းပိုင်များကို ကြည့်ရှုရန် အသုံးပြုရန်လည်း ဖြစ်နိုင်ခြေရှိပေသည်။ ဤသို့ အသုံးပြုခဲ့မည်ဆိုပါက ၂၀၁၆ ခုနှစ်တွင် ဧရာဝတီလင်းပိုင် ကြည့်ရှုခြင်းမှ ရရှိခဲ့သော ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၀.၅ သန်း ဖြစ်ခဲ့ပေမည်။

သတ္တုတွင်းလုပ်ငန်းများနှင့် တွင်းထွက်ပစ္စည်းများ

မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်များတွင် ရေနံနှင့် သဘာဝဓါတ်ငွေ့၊ ရွှေ၊ ငွေ၊ ကြေးနီ အစရှိသော တွင်းထွက်သတ္တုများနှင့် ကျောက်စိမ်း၊ ပတ္တမြားစသော ကျောက်မျက် ရတနာများ ပါဝင်သည်။ ၂၀၁၃ ခုနှစ်တွင် ဤကဏ္ဍသည် နိုင်ငံ၏ ဂျီဒီပီ၏ ၆%၊ နိုင်ငံတော် ဝင်ငွေ၏ ၂၃.၆% နှင့် ပြည်ပပို့ကုန် စုစုပေါင်း၏ ၃၈.၅% ဖြစ်သည်။

သတ္တုတွင်း လုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးအတွက် သာမက ပြည်သူတို့အတွက် အလုပ်အကိုင် အခွင့်အလမ်း များစွာပေးသော အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်သည်။ တစ်နိုင်ငံတစ်ပိုင် သတ္တုတွင်းလုပ်ငန်းများသည် ဧရာဝတီ မြစ်ဝှမ်းလွင်ပြင်ဒေသတစ်ခုလုံးတွင် ပျံ့နှံ့တည်ရှိနေပြီး ထိုလုပ်ငန်းများသည် ဧရာဝတီမြစ် အထက်ပိုင်းဒေသများ၊ အလယ်ပိုင်းဒေသများနှင့် ချင်းတွင်းမြစ်ဝှမ်းရှိ ဒေသခံပြည်သူများ အတွက် အရေးကြီးသော ဝင်ငွေရရှိသည့် အလုပ်အကိုင်များဖြစ်သည်။

ဧရာဝတီ မြစ်ဝှမ်းလွင်ပြင်ဒေသရှိ သတ္တုတွင်းလုပ်ငန်းများသည် လျင်မြန်စွာ တိုးတက်လာပြီး နိုင်ငံ၏ စီးပွားရေးတွင်လည်း အလွန် အရေးပါသည်။ သတ္တုတွင်း အများစုသည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တည်ရှိသည်။ ထိုတိုင်းဒေသကြီးတို့သည် ဧရာဝတီ မြစ်ဝှမ်းလွင်ပြင်ဒေသတွင် တည်ရှိသောကြောင့် နိုင်ငံ၏ ၈၇% သော မိုင်းလုပ်ငန်းတို့သည် ဧရာဝတီ မြစ်ဝှမ်းလွင်ပြင်ဒေသတွင် တည်ရှိသည်ဟု ဆိုနိုင်သည်။

မြန်မာ့ သတ္တုတွင်းများ၏ တည်နေရာ

မြန်မာနိုင်ငံ အဝှမ်းတွင် သတ္တုတွင်း စုစုပေါင်း ၅၈၅ ခုရှိပြီး ၅၀၉ ခုမှာ ဧရာဝတီ မြစ်ဝှမ်းလွင်ပြင်ဒေသတွင် တည်ရှိသည်။



ကောင်းကင်မှ ရိုက်ယူထားသော မြေပြင်အချက်အလက်များအရ သတ္တုတွင်း လုပ်ငန်းများသည် ဧရာဝတီ မြစ်ဝှမ်းဒေသအတွင်း လျင်မြန်စွာ တိုးချဲ့ နေရာယူလာပြီး ယခုအခါတွင် စတုရန်း ကီလိုမီတာပေါင်း ၇၄၀ ကျော်ခန့်ကို တိုက်ရိုက် ထိခိုက်မှု ရှိနေသည်။ ထိုပမာဏသည် ချင်းတွင်း မြစ်ဝှမ်းလွင်ပြင်တွင် သတ္တုလုပ်ငန်း ကဏ္ဍတစ်ခုတည်းကြောင့် ပျက်ဆီးထိခိုက်ရမှု၏ ၁% နီးပါးမျှနှင့် ညီမျှသည်။ တိုးချဲ့လုပ်ကိုင်မှု အများစုသည် ချင်းတွင်းမြစ်ဝှမ်း သို့မဟုတ် မန္တလေးတိုင်းဒေသကြီး အနီးတဝိုက်တွင် ဖြစ်သည်။



ရေနံနှင့် သဘာဝဓါတ်ငွေ့

အာရှတွင် မြန်မာနိုင်ငံသည် အရေးကြီးသော ရေနံနှင့် သဘာဝဓါတ်ငွေ့ ထုတ်လုပ်တင်ပို့သော နိုင်ငံ ဖြစ်သည်။ ၁၈၅၃ ခုနှစ်ကပင် ပထမဆုံး ရေနံဆီကို တင်ပို့နိုင်ခဲ့သဖြင့် ကမ္ဘာ့ရှေးအကျဆုံး ရေနံချက် စက်ရုံများ တည်ရှိရာ နိုင်ငံဟုလည်း ဆိုနိုင်သည်။ ယခုအခါတွင် မြန်မာနိုင်ငံ သည် ကမ္ဘာပေါ်ရှိ အဓိက သဘာဝဓါတ်ငွေ့ ထုတ်လုပ်သော နိုင်ငံများတွင် ပါဝင်သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ ပြောကြားချက်အရ ၂၀၁၇ ခုနှစ် ဇန်နဝါရီတွင် မြန်မာနိုင်ငံသည် ပြည်ပမှ ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ (၆၉) ဘီလီယံကျော် ရရှိခဲ့သည်။ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍသည် နိုင်ငံခြားကုမ္ပဏီပေါင်း ၁၅၄ ခုထံမှ ရင်းနှီးမြှုပ်နှံငွေ အမေရိကန် ဒေါ်လာ (၂၂.၄) ဘီလီယံကျော် (ပြည်ပမှ ရင်းနှီးမြှုပ်နှံငွေ စုစုပေါင်း၏ ၃၂% ခန့်) ရရှိခဲ့သည်။ ဤအချက်အလက်အရ ရေနံနှင့် သဘာဝဓါတ်ငွေ့ ကဏ္ဍသည် ပြည်ပမှ ရင်းနှီးမြှုပ်နှံငွေ အများဆုံး ရရှိသော ကဏ္ဍဖြစ်၍ စွမ်းအင်ကဏ္ဍ၊ ထုတ်လုပ်ရေး ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး ကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍတို့ထက် ပိုမိုရရှိကြောင်းသိနိုင်သည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့ထုတ်လုပ်ရာနေရာ အများစုသည် ဧရာဝတီမြစ်ဝှမ်းအတွင်းတွင် တည်ရှိပြီး ကျန်နေရာများသည် ကမ်းလွန်ဒေသများတွင် တည်ရှိသည်။

ဧရာဝတီမြစ်ဝှမ်းအတွင်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရှေးရိုးစဉ်လာ လက်ယက်တွင်းများ အများစု ဖြစ်ကြသည်။ မြန်မာနိုင်ငံသည် လက်ယက် ရေနံတွင်းများနှင့် ပတ်သက်၍ ရှည်လျားသည့် သမိုင်းကြောင်း ရှိပြီး တစ်ဦးချင်းစီ သို့မဟုတ် စနစ်တကျဖွဲ့စည်းထားခြင်း မဟုတ်သည့် အသေးစား လုပ်ငန်းများက ရေပုံးနှင့် ကြိုးကဲ့သို့သော ရိုးရှင်းလှသည့် ကိရိယာပစ္စည်းများ အသုံးပြုကာ ရေနံကို ထုတ်ယူကြသည်။ လက်ရှိအချိန်ထိ ရေနံမြေအများအပြားတွင် ဒေသခံလူထုအတွက် အဓိက သို့မဟုတ် ဒုတိယ အရေးကြီးဆုံး အသက်မွေးဝမ်းကျောင်းမှု ဖြည့်စည်းပေးနေသည့် လက်ယက် ရေနံတွင်းများ ရှိနေသေးသည်။

လက်ယက်တွင်းများသည် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ရှမ်းတောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မြိုင်၊ ပေါက်၊ ဂန့်ဂေါနှင့် မင်းလှ မြို့များတွင် ပျံ့နှံ့တည်ရှိ နေသည်။ မင်းလှမြို့တွင် ထောင်သောင်းမကသော အသေးစား ရေနံတူးဖော်ရေးလုပ်ငန်းများသည် နှစ်ဒါဇင်ကျော်သည့် ရေနံမြေများတွင် ပျံ့နှံ့ တည်ရှိသည်။ အများစုသည် ၅ မှ ၇ စတုရန်းပေ အတွင်းသာ ကျယ်ဝန်းသည့် စီမံကိန်း အကွက်များ ဖြစ်ကြသည်။ အစိုးရအနေဖြင့် အဆိုပါ လက်ယက်တွင်း လုပ်ငန်းများအတွက် ပိုမိုတင်းကြပ်သော ဘေးကင်းရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများ သတ်မှတ်ပေးရန် လိုအပ်နေပေသည်။

ပိုမိုကောင်းမွန်သော လောင်စာဆီ ရရှိရေး ရေနံစိမ်းကို ကျိုချက်ရန် ထင်းလိုအပ်မှုကြောင့် အဆိုပါ အသေးစား လုပ်ငန်းများသည် မြစ်ဝှမ်းဒေသအတွင်း ကြီးမားသော သစ်တောပြုန်းတီးမှုများ အတွက် တာဝန်ရှိနေသည်။ ထိုသို့ သစ်တောပြုန်းတီးမှုက ရေကို ထိန်းပေးထားနိုင်မှုကို လျော့ကျစေပြီး ဧရာဝတီမြစ်အတွင်း နုန်းမြေ တိုက်စားမှု မြင့်တက်စေကာ မြစ်ဝှမ်းဒေသ တစ်ခုလုံးအတွက် ဆိုးကျိုး ဖြစ်ပေါ်စေပါသည်။

"ပိုမိုကောင်းမွန်သော လောင်စာဆီ ရရှိရေး ရေနံစိမ်းကို ကျိုချက်ရန် ထင်းလိုအပ်မှုကြောင့် အသေးစား လုပ်ငန်းများသည် မြစ်ဝှမ်းဒေသအတွင်း ကြီးမားသော သစ်တောပြုန်းတီးမှုများ အတွက် တာဝန်ရှိနေသည်။"

စက်မှုနှင့် ကုန်ထုတ်လုပ်မှု

စက်မှုနှင့် ကုန်ထုတ်လုပ်မှု ကဏ္ဍ၏ နိုင်ငံ့ စီးပွားရေးကို ဖြည့်ဆည်းနိုင်မှုသည် ၂၀၁၀ ခုနှစ်တွင် ၂၆.၅% မှ ၂၀၁၄ ခုနှစ်တွင် ၃၄.၄% အထိ တိုးတက်လာခဲ့ပြီး ထိုကာလအတွင်းတွင် စိုက်ပျိုးရေး ကဏ္ဍ၏ ဖြည့်ဆည်းနိုင်မှုသည် ၃၆.၈% မှ ၂၇.၉% အထိ ကျဆင်းသွားခဲ့သည်။ မြန်မာ့ စက်မှုလုပ်ငန်းကဏ္ဍသည် မကြာသေးမီ ဆယ်စုနှစ်များအတွင်း လျှင်မြန်စွာ ဖွံ့ဖြိုး လာခဲ့သည်။

စက်မှုလုပ်ငန်း အများစုသည် ဧရာဝတီမြစ်ဝှမ်းဒေသ၏ အဓိက မြို့ကြီးပြကြီးနှင့် လမ်းပန်း ဆက်သွယ်ရေး စုံရာနေရာများ အထူးသဖြင့် မြစ်ဝှမ်းအလယ်ပိုင်း၊ မြစ်ဝှမ်းအောက်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့ကြီးများတွင် တည်ရှိသည်။

မြန်မာ့ စက်မှုလုပ်ငန်း ကဏ္ဍသည် အမျိုးမျိုးကွဲပြားကြပြီး အစားအစာနှင့် အဖျော်ယမကာ လုပ်ငန်း၊ အဝတ်အစားနှင့် အထည်အလိပ်လုပ်ငန်း၊ ဆောက်လုပ်ရေးပစ္စည်းများ၊ တစ်ကိုယ်ရည်သုံး၊ အိမ်ထောင်စုသုံးနှင့် အီလက်ထရောနစ် အသုံးအဆောင်များ၊ ပုံနှိပ်လုပ်ငန်း၊ စက်မှုကုန်ကြမ်းများ၊ သတ္တုနှင့် ရေနံထွက် ပစ္စည်းများ၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းသုံး စက်ပစ္စည်း/ကိရိယာများ၊ ပို့ဆောင်ရေးယာဉ်များနှင့် လျှပ်စစ်ပစ္စည်းများ စသည်တို့ ထုတ်လုပ်သည့် လုပ်ငန်းများ ပါဝင်သည်။

အစားအစာနှင့် အဖျော်ယမကာလုပ်ငန်းသည် မြန်မာနိုင်ငံ၏ အဓိက စက်မှုလုပ်ငန်း ကဏ္ဍခွဲတစ်ခု ဖြစ်ပြီး တစ်နိုင်ငံလုံးရှိ စက်မှုလုပ်ငန်းများ၏ ၆၂% ခန့်ရှိသည်။ အဓိက အစားအစာနှင့် အဖျော်ယမကာ စက်ရုံများသည် ရန်ကုန်နှင့် မန္တလေးမြို့များတွင် တည်ရှိပြီး အထည်ချုပ်လုပ်ငန်း များမှာမူ ပုသိမ်နှင့် ရန်ကုန်မြို့များနှင့် သတ္တုနှင့် ရေနံထွက်ပစ္စည်း လုပ်ငန်းများသည် မုံရွာနှင့် မန္တလေးတွင် တည်ရှိကြသည်။

အသေးစားလုပ်ငန်းများသည် ဧရာဝတီမြစ်ဝှမ်းဒေသအတွင်းရှိ စက်မှုလုပ်ငန်းကဏ္ဍ၏ ၈၀% ရှိသည်။ လူနေနည်းပါးသည့် ဒေသများတွင် အသေးစားလုပ်ငန်းများက လွှမ်းမိုးထားသကဲ့သို့ပင် မြို့ပြဧရိယာများတွင်လည်း အရေးပါလှကာ ရန်ကုန်တိုင်းဒေသကြီး စက်မှုလုပ်ငန်းများ၏ ၄၂% နှင့် မန္တလေးတိုင်းဒေသကြီး၏ ၅၀% ဖြစ်ကြသည်။ အသေးစားစက်မှုလုပ်ငန်းများက သန့်စင်ပေးသည့် လုပ်ငန်းစဉ်များ သင့်တင့် စီလျော်စွာ မရှိခြင်းနှင့် ညစ်ညမ်းစေနိုင်မှုကို လျှော့ချရေးနှင့် ပတ်သက်သည့် ဗဟုသုတနည်းပါးခြင်းတို့ကြောင့် ရေထုညစ်ညမ်းမှုကို သိသိသာသာ ဖြစ်ပေါ်စေနိုင်ပါသည်။



မြန်မာနိုင်ငံရှိ တိုင်းနှင့် ပြည်နယ်အလိုက် စာရင်းရှိ စက်မှုနှင့် ကုန်ထုတ်လုပ်ငန်းများ

	အသေးစား	အလတ်စား	အကြီးစား
ကချင်ပြည်နယ်	1334	172	53
စစ်ကိုင်းတိုင်းဒေသကြီး	3271	998	350
ရှမ်းပြည်နယ်	3165	718	273
ချင်းပြည်နယ်	761	21	5
မန္တလေးတိုင်းဒေသကြီး	3885	2645	1306
မကွေးတိုင်းဒေသကြီး	2692	502	172
ရခိုင်ပြည်နယ်	2307	132	68
နေပြည်တော်	347	180	142
ကယားပြည်နယ်	125	347	25
ပဲခူးတိုင်းဒေသကြီး	3167	1025	478
ရန်ကုန်တိုင်းဒေသကြီး	1732	2057	2822
ဧရာဝတီတိုင်းဒေသကြီး	4856	608	659
ကရင်ပြည်နယ်	773	152	90
မွန်ပြည်နယ်	1955	324	168
တနင်္သာရီတိုင်းဒေသကြီး	1346	164	189

ရေကြောင်းသွားလာရေး

မြန်မာနိုင်ငံတွင် ရန်ကုန်နှင့် မန္တလေးအကြား ချိတ်ဆက်ပေးမှု အပါအဝင် နိုင်ငံ၏ အဓိက ပို့ဆောင်ဆက်သွယ်ရေး လမ်းကြောင်းအဖြစ် အသုံးပြုနိုင်ရန် သင့်လျော်လှသော ရှည်လျားသည့် မြစ်ချောင်းများ ဖွဲ့စည်းပုံ ရှိသည်။ သို့ရာတွင် ယခုအခါ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးသည် အရင်က မရှိခဲ့ဖူးသည့် ဖိအားများနှင့် ရင်ဆိုင်နေရသည်။

ရေကြောင်းသွားလာရေးတွင် အဓိကအရေးပါသောမြစ်များသည် နွေအခါတွင်ရေနည်းခြင်း၊ မြစ်လမ်းကြောင်း ပြောင်းသွားခြင်း၊ လှေဆိပ်၊ သင်္ဘောဆိပ်များတွင် လုံလောက်သော ဝန်ဆောင်မှု မပေးနိုင်ခြင်းတို့ကြောင့် ရေလမ်း သွားလာရေးတွင် အခက်အခဲများ ကြုံတွေ့နေရသည်။ သို့သော်လည်း ဖွံ့ဖြိုးမှုနှုန်းသည် ဆက်လက် မြင့်တက်နေပြီး ဤကဏ္ဍသည် ပြည်တွင်းနှင့် ဒေသတွင်း ကုန်စည်စီးဆင်းမှုအတွက် အဓိက အကျပ်အတည်း ဖြစ်နေသည်ဟု သတ်မှတ်ထားကြသည်။ ဧရာဝတီမြစ်ဝှမ်းဒေသတွင် နိုင်ငံအတွင်း လှေ/သင်္ဘောများ သွားလာနိုင်သော မြစ်များအားလုံး၏ ၇၀% တည်ရှိသည်။ ရန်ကုန်၊ မန္တလေး နှင့်ဗန်းမော် တို့အကြား ရေကြောင်းသွားလာရေးသည် အများဆုံးဖြစ်သည်။ ခရီးသည်သယ်ယူပို့ဆောင်မှုတွင် ဧရာဝတီတိုင်းဒေသကြီး သည် အများဆုံးဖြစ်ပြီး ကုန်စည်သယ်ယူပို့ဆောင်ရေးတွင် မန္တလေးတိုင်းဒေသကြီးသည် အများဆုံးဖြစ်သည်။

AIRBM Synthesis ၏ မြစ်ဝှမ်းဒေသ အခြေအနေ အစီရင်ခံစာအရ “လွန်ခဲ့သော နှစ်အနည်းငယ်ခန့်အတွင်း ရေကြောင်းဖြင့် ကုန်ပစ္စည်း သယ်ယူပို့ဆောင်မှု များလျော့ကျလာခဲ့သည်။ ထိုသို့ဖြစ်စေသော အကြောင်းများတွင် သောင်တူးလုပ်ငန်းများ လုံလောက်အောင်မလုပ်နိုင်ခြင်း၊ ပစ္စည်းအတင်အချပြုလုပ်ချိန် ကြာမြင့်၍ အချိန်မလုံလောက်ခြင်း၊ ကုန်းတွင်း လမ်းပန်း ဆက်သွယ်ရေး တိုးတက်လာခြင်း တို့ကြောင့်ဖြစ်သည်။

ရေလမ်းသွားလာရေးသည် မြစ်ရေ စီးဆင်းပုံ ပြောင်းလဲခြင်း၊ နုံးအနည် သယ်ဆောင်ပို့ချမှု၊ ရာသီအလိုက် မြစ်ရေ စီးဆင်းမှုနှင့် မုတ်သုံရာသီဥတုတို့က ရေကြောင်း သွားလာမှုအပေါ် သက်ရောက်မှု ရှိသည်။ စက်မှုလုပ်ငန်း စွန့်ပစ်ပစ္စည်းများကြောင့် ရေထု ညစ်ညမ်းခြင်းနှင့် မြစ်လက်တက်များအား ဆည်များကို ဖြတ်၍ စီးဆင်းစေခြင်း စသော မြစ်ဝှမ်းဒေသအတွင်း လုပ်ဆောင်မှု များစွာက ရေလမ်း သွားလာရေးကို အဟန့်အတား ဖြစ်စေသည်။ သောင်တူးဖော်မှု ပြုလုပ်ရသည့် မြစ်ထဲမှ သဲထုတ်လုပ်ခြင်း ကဲ့သို့သော လုပ်ငန်းများမှာမူ ရေလမ်း သွားလာရေးအတွက် အထောက်အကူဖြစ်သည်။ သို့သော်လည်း သဲနှင့် ကျောက်စရစ်ခဲ ထုတ်လုပ်ရာ ဧရိယာများ၏ နုန်းအနည် ပို့ချမှု အနည်းအများ ကွာခြားချက်နှင့် မြစ်အောက်ပိုင်းအပေါ် သက်ရောက်မှု ရှိပုံကို နားလည်သိရှိမှု နည်းပါးသေးသည်။

စက်မှုလုပ်ငန်း စွန့်ပစ်ပစ္စည်းများကြောင့် ရေထုညစ်ညမ်းခြင်းနှင့် မြစ်လက်တက်များအား ဆည်များကို ဖြတ်၍ စီးဆင်းစေခြင်း စသော မြစ်ဝှမ်းဒေသအတွင်း လုပ်ဆောင်မှု များစွာက ရေလမ်း သွားလာရေးကို အဟန့်အတား ဖြစ်စေသည်။

ဆောက်လုပ်ရေးလုပ်ငန်း

ဆောက်လုပ်ရေးလုပ်ငန်းများသည် နိုင်ငံ့ ဂျီဒီပီ၏ ၅.၂% သို့မဟုတ် စက်မှုထွက်ကုန်ပစ္စည်းများ၏ ၁၈% ဖြစ်သည်။ ထိုသို့ ရာခိုင်နှုန်းအားဖြင့် နည်းပါးသော်လည်း ဤကဏ္ဍသည် မြစ်အပေါ် ဆိုးကျိုးသက်ရောက်မှု များပြားလှသည်။

သို့သော် ဆောက်လုပ်ရေးကဏ္ဍသည် အခြားစီးပွားရေး ကဏ္ဍများနှင့်လည်း ချိတ်ဆက်လျှက် ရှိသည်။ ဥပမာအားဖြင့် ဘဏ်လုပ်ငန်းကဏ္ဍ၏ ရရန်ရှိ ကြွေးမြီများ၏ ၃၀% သည် ဆောက်လုပ်ရေးလုပ်ငန်းများမှ ဖြစ်သည်။ ထို့ကြောင့် ဆောက်လုပ်ရေးကဏ္ဍသည် အလုပ်အကိုင်ကဏ္ဍ တစ်ခုတည်း အတွက်သာမက ဘဏ်လုပ်ငန်းများ အတွက်ပါ သက်ရောက်မှုရှိသည်။ ဆောက်လုပ်ရေး လုပ်ငန်းများအတွက် စည်းမျဉ်းများကို တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် မြို့ပြ လူနေမှုအဆင့်မြင့်မားလာမည့်အပြင် ဆောက်လုပ်ရေးလုပ်ငန်း အရည်အသွေးနှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်သော ရေရှည် ဖွံ့ဖြိုးတိုးတက်မှုများ မြင့်မားလာမည့်အပြင် လူနေမှုစရိတ်များလည်း အကုန်အကျ သက်သာလာစေနိုင်သည်။ ထိုသို့ပြုလုပ်ရာတွင်လည်း ပွင့်လင်းမြင်သာမှုရှိပြီး ကြိုတင်ခန့်မှန်း၍ ရနိုင်သော အဆင့်များဖြင့် ချဉ်းကပ်ရန် အရေးကြီးပါသည်။ သို့မှသာ ပြန်လည်နာလန်ထူရန် ခက်ခဲသော စီးပွားရေးဂယက်ရိုက်မှုများကို ရှောင်ရှားနိုင်မည် ဖြစ်သည်။

ဆောက်လုပ်ရေး လုပ်ငန်းများသည် ဧရာဝတီမြစ်ထဲရှိ သဲထုတ်ယူသော လုပ်ငန်းများအတွက် အဓိက အချက်တစ်ချက်ပင် ဖြစ်သည်။ အများအားဖြင့် သဲနှင့် ကျောက်စရစ်များ (ဆောက်လုပ်ရေး လုပ်ငန်းများအတွက် ကုန်ကြမ်းပစ္စည်းများ) ကို ထုတ်ယူကြသည်။ ပုံတွင်ပြထားသော နေရာများမှ ဆောက်လုပ်ရေးအတွက် တစ်နှစ်လျှင် သဲနှင့် ကျောက်စရစ် တန်ချိန် (၁၀) သန်းခန့် ထုတ်ယူသည်။ သို့ရာတွင် ဤကိန်းဂဏန်းများသည် ဧရာဝတီမြစ်ထဲမှ သဲထုတ်ယူမှုအားလုံးကို မှုရင်းတန်ဖိုးထက် လျှော့၍ ခန့်မှန်း တွက်ချက်ယူထားခြင်းသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆောက်လုပ်ရေးလုပ်ငန်း အများစုသည် မြစ်ဝှမ်းဒေသအတွင်းတွင် ဖြစ်၍ အဆောက်အအုံများ၊ လမ်းများ၊ တံတားများ ဆောက်လုပ်ရာတွင် မြစ်အတွင်းမှ ထုတ်ယူသော သဲကို အသုံးပြုသည်ဟု ယူဆနိုင်သည်။ ဧရာဝတီမြစ်အတွင်းမှ ထုတ်ယူသော သဲနှင့် ကျောက်စရစ်များနှင့် ပတ်သက်သော အချက်အလက်များ နည်းပါးသော်လည်း မြန်မာနိုင်ငံ ၏ဖွံ့ဖြိုးတိုးတက်မှုအပေါ် စစ်တမ်းကောက်ယူမှုများအရ ဆောက်လုပ်ရေး၊ လမ်းတံတား ဆောက်လုပ်ရေးများနှင့် ဆည် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လိုအပ်သော သဲနှင့် ကျောက်စရစ် ပမာဏ အများစုသည် မြစ်အတွင်းမှ ထုတ်ယူရရှိခြင်း ဖြစ်နိုင်ချေ များစွာရှိပြီး အနာဂတ်တွင်လည်း ပိုမို ထုတ်ယူလာနိုင်ကြောင်း တွေ့ရသည်။ ထိုအချက်ကြောင့်ပင် ကမ်းပြိုခြင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသ နစ်မြုပ်သွားနိုင်သော အခြေအနေမှာလည်း ပိုမိုများပြားလာသည်။

မြစ်အတွင်းမှ သဲများ ထုတ်ယူခြင်းသည် မြစ်အပေါ် ဆိုးရွားစွာ အကျိုး သက်ရောက်လျှက် ရှိသည်။





ခရီးသွားလုပ်ငန်း

ကမ္ဘာ့ခရီးသွားလုပ်ငန်းနှင့် ခရီးသွားခြင်း ကောင်စီမှ ထုတ်ပြန်ကြေငြာထားသော အစီရင်ခံစာအရ မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းများတွင် အလုပ်အကိုင် အခွင့်အလမ်းများသည် (ကဏ္ဍက သွယ်ဝိုက်၍ ပံ့ပိုးပေးသည့် အလုပ်အကိုင် အခွင့်အလမ်းများ အပါအဝင်) ၂၀၁၄ ခုနှစ်တွင် ၆.၅% တိုးတက်လာက အလုပ်အကိုင်နေရာပေါင်း ၈၇၇၅၀၀ ခန့် ရှိလာခဲ့သည်။

၎င်းအစီရင်ခံစာ၏ ခန့်မှန်းချက်များတွင် ခရီးသွားလုပ်ငန်းကဏ္ဍသည် နိုင်ငံ ဂျီဒီပီ၏ ၃% ရှိပြီး ခရီးသွားလုပ်ငန်းများနှင့် သွယ်ဝိုက်ဆက်စပ်နေသော လုပ်ငန်းများပါ ထည့်သွင်း စဉ်းစားမည်ဆိုပါက ၆.၆% ထိ ရှိသည်။ အလုပ်အကိုင် ကဏ္ဍတွင်မူ ခရီးသွားလုပ်ငန်းများသည် တစ်နိုင်ငံလုံး အတိုင်းအတာ၏ ၅.၈% ဖြစ်သည်။

ခရီးသွားလုပ်ငန်းအနေဖြင့် ကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်သောနေရာ ၆ နေရာရှိသည်။ ၎င်းတို့မှာ ရန်ကုန်၊ ပုဂံ၊ မန္တလေး၊ အင်းလေးကန်၊ ကျိုက်ထီးရိုးနှင့် ရခိုင်ပြည်နယ်မှ ငပလီကမ်းခြေတို့ ဖြစ်ကြသည်။ ထို့ပြင် ယခုအခါတွင် ပူတာအိုရှိ တောင်တန်းများ၊ ချင်းပြည်နယ်ရှိ နာဂဒေသ၊ ဟားခါး၊ (ဝိတိုရိယတောင်) နတ်မတောင်၊ ကယားပြည်နယ်ရှိ လွိုင်ကော်၊ တနင်္သာရီတိုင်းရှိ မြိတ်ကျွန်းစုများ စသောနေရာများသည်လည်း ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သော နေရာများဖြစ်လာကြသည်။ အထက်တွင် ဖော်ပြခဲ့သော နေရာအများစုမှာ ဧရာဝတီမြစ်ဝှမ်းဒေသအတွင်းတွင် တည်ရှိသည်။ (ဥပမာ ရန်ကုန်၊ မန္တလေး၊ ပုဂံ) ပုံတွင် ၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည်များ လာရောက်ရာ အဓိကနေရာ ၄ နေရာကို ဖော်ပြထားသည်။ ထို ၄ နေရာအနက် ၃ နေရာသည် ဧရာဝတီ မြစ်ဝှမ်းဒေသအတွင်းတည်ရှိသဖြင့် ခရီးသွားလုပ်ငန်း၌ ကောင်းမွန်သော မြစ်တစ်စင်း၏ အရေးကြီးပုံကို သိရှိနိုင်သည်။

ဧရာဝတီမြစ်ဝှမ်းအတွင်း ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်သောနေရာများ



စွမ်းအင်

၂၀၁၇ ခုနှစ်၏ ပထမ ၆ လ၌ မြန်မာနိုင်ငံတွင် စုစုပေါင်း လျှပ်စစ်ထုတ်လုပ်နိုင်စွမ်းသည် ၅၃၈၉ မီဂါဝပ် ရှိခဲ့ပြီး ထိုအထဲတွင် ၃၂၅၅ မီဂါဝပ် (၆၀.၄%) သည် ရေအားလျှပ် စစ်မှ လည်းကောင်း၊ ၁၉၂၀ မက်ဂါဝပ် (၃၅.၆%) သည် ဓါတ်ငွေ့မှ လည်းကောင်း၊ ၁၂၀ မီဂါဝပ် (၂.၂%) သည် ကျောက်မီးသွေးမှ လည်းကောင်း၊ ၉၄.၃ မီဂါဝပ် (၁.၇၅%) သည် ဒီဇယ်ဆီမှ လည်းကောင်း ဖြစ်သည်။ ယခုအခါတွင် လူဦးရေ စုစုပေါင်း၏ သုံးပုံတစ်ပုံ မျှသာလျှင် လျှပ်စစ် သုံးစွဲနိုင်သေးသည်။ ပြည်နယ်နှင့် တိုင်းအလိုက် လျှပ်စစ်သုံး စွဲခွင့်ရရှိသောရာခိုင်နှုန်းများကို ပုံတွင်ဖော်ပြထားသည်။ ရန်ကုန်၏ ၆၀% ကျော်သည်သာ လျှပ်စစ် သုံးစွဲနိုင်ကြသည်။ ကယား၊ နေပြည်တော်နှင့် မန္တလေးတို့တွင် လူဦးရေ၏ ၃၀% မှ ၄၀% အထိသည် လျှပ်စစ်ရရှိနိုင်ကြသည်။



တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူဦးရေလည်း တိုးပွားလာပြီး လျှပ်စစ်လိုအပ်မှုသည် လွန်ခဲ့သည့် ၅ နှစ်နှင့် နှိုင်းယှဉ်လျှင် နှစ်စဉ် ပျမ်းမျှ ၁၅.၇% ခန့် တိုးလာခဲ့သည်။ ထိုသို့ တိုးတက်လာသော နိုင်ငံနှင့်အတူ စွမ်းအင်လိုအပ်မှုသည်လည်း တိုးလာသည်။ ရေအားလျှပ်စစ်သည် လျှပ်စစ်စွမ်းအင် လိုအပ်မှုအတွက် ဖြေရှင်းချက်တစ်ခု ဖြစ်လာနိုင်သည်။

မြန်မာနိုင်ငံတွင် တည်ရှိပြီးသော ရေအားလျှပ်စစ် စီမံကိန်းပေါင်း ၂၉ ခုရှိပြီး ထုတ်လုပ်နိုင်စွမ်း ၃၂၉၈ မဂ္ဂါဝပ် ရှိသည် ။ ရေအား လျှပ်စစ်စီမံကိန်း ၆ ခုမှာ တည်ဆောက်ဆဲ အခြေအနေဖြစ်ပြီး ထုတ်လုပ်နိုင်စွမ်း ၁၅၆၄ မဂ္ဂါဝပ် ရှိသည်။ ကျန်ရှိသော ရေအားလျှပ်စစ်စီမံကိန်း ၅၁ ခုမှာ ထုတ်လုပ်နိုင်စွမ်း ၄၂၉၆၈ မဂ္ဂါဝပ်ဖြစ်၍ အကောင်အထည်ဖော် ဆောင်ရွက်ဆဲဖြစ်သည်။

ဧရာဝတီမြစ်ဝှမ်း(ချင်းတွင်းမြစ်ဝှမ်းအပါအဝင်) တွင် ယခုလက်ရှိ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီး ရေအားလျှပ်စစ် စီမံကိန်းပေါင်း ၁၇ ခု၊ စီစဉ်ဆောင်ရွက်ဆဲ ၃၁ ခုနှင့် ဆိုင်းငံ့ထားသော စီမံကိန်း ၁ ခု ရှိသည်။ ဧရာဝတီမြစ်ဝှမ်း၏ အမြင့်ဆုံး ထုတ်လုပ်နိုင်စွမ်းမှာ မဂ္ဂါဝပ်ပေါင်း ၂၁၀၀ ဖြစ်သည်။ အကယ်၍ စီမံချက်ရေးဆွဲထားသော ရေအားလျှပ်စစ် စီမံကိန်းများ အားလုံး တည်ဆောက်ပြီးစီးမည်ဆိုပါက ဧရာဝတီနှင့် သံလွင်သည် ထုတ်လုပ်နိုင်စွမ်း မဂ္ဂါဝပ်ပေါင်း ၂၈၁၀၀ (ရေအားလျှပ်စစ် အားလုံး၏ ၅၈%) နှင့် မဂ္ဂါဝပ်ပေါင်း ၁၆၅၀၀ (ရေအားလျှပ်စစ်အားလုံး၏ ၃၄%) ရှိမည်ဖြစ်သည်။

WWF-မြန်မာ စွမ်းအင်ကဏ္ဍ မျှော်မှန်းချက်အရ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးအတွက် ဆုံးဖြတ်ချက်ချရာတွင် မြစ်အထက်ပိုင်းရှိ ရေအားလျှပ်စစ် စီမံကိန်းများသည် မြစ်အောက်ပိုင်း ဒေသများနှင့် မြစ်ဝကျွန်းပေါ် ဒေသများအပေါ် မမျှော်မှန်းနိုင်သော အကျိုးဆက်များ သက်ရောက်စေနိုင်ကြောင်းကို ထည့်သွင်းစဉ်းစားရန် အလွန်အရေးကြီးသည်။ အထူးသဖြင့် ရေစီးဆင်းမှု ဝိသေသပုံစံများ၊ ငါးများ နေရာပြောင်းရွှေ့ကျင်လည် ကျက်စားခြင်းနှင့် နုံးအနည်အနှစ် ပို့ချမှု စသော ဖြစ်စဉ်များကို သိရှိနားလည်ရန် လိုအပ်သည်။ မြန်မာ့ စွမ်းအင် အထူးစီမံကိန်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများနှင့် ရေရှည် ဆိုးကျိုးသက်ရောက်မှုများကို ဖြစ်စေသော ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ၊ ကြီးမားသော ဆည်များအပေါ် ပိုမိုအာရုံစိုက်လျှက်ရှိသည်။ သို့သော်လည်း တိုးတက်လာသော စွမ်းအင် လိုအပ်ချက်အတွက် ၁၀၀% ပိုမိုစိမ်းလန်းသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုသည့် အနာဂတ်ကို အကောင်အထည်ဖော်နိုင်ကြောင်း WWF-မြန်မာက ထောက်ပြထားခဲ့သည်။ WWF က မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ် ၁၃၀ ခန့်ကပင် စတင်ခဲ့သော လောင်စာအသုံးပြု စွမ်းအင် ထုတ်လုပ်မှုမှ ယခုအခါ ပြန်ပြည့်မြဲစွမ်းအင် ကာလသို့ ကူးပြောင်းရန် အခွင့်အလမ်းရှိကြောင်း ယုံကြည်သည်။

WWF အနေဖြင့် ပြန်ပြည့်မြဲနှင့် ပိုမို စိမ်းလန်း သော စွမ်းအင် ၁၀၀% အသုံးပြု ရန် နည်းပညာအရ ဖြစ်နိုင်ကြောင်း ထောက်ပြခဲ့ ပြီး ဖြစ်သည်။

မြန်မာနိုင်ငံ၏ တပ်ဆင်ပြီး စွမ်းအင် ပမာဏ



ဧရာဝတီမြစ်ဝှမ်းငယ်များအတွင်း စီမံချက်ချထားသော ရေအားလျှပ်စစ်စီမံကိန်းများ

မြစ်အထက်ပိုင်း	လက်ရှိ ၁ စီစဉ်ဆဲ ၁၂ ရပ်ဆိုင်း ၁
ချင်းတွင်းမြစ်ဝှမ်း	လက်ရှိ ၁ စီစဉ်ဆဲ ၆
မြစ်အလယ်ပိုင်း	လက်ရှိ ၁၂ စီစဉ်ဆဲ ၁၁
မြစ်အောက်ပိုင်း	လက်ရှိ ၃ စီစဉ်ဆဲ ၂



မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေး တို့တွင် ဧရာဝတီမြစ်၏ တန်ဖိုးကို အကဲဖြတ်လေ့လာမှု နိဂုံးချုပ်

တိုက်တွန်းလွှာ တစ်စောင်

ဤအစီရင်ခံစာအရ ဧရာဝတီမြစ်ဝှမ်းဒေသသည် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများကို အဓိက ထောက်ပံ့ပေးနေကြောင်း ထင်ရှားသည်။ ထို့ပြင် အချို့သော စီးပွားရေးကဏ္ဍများသည် မြစ်မှ ထောက်ပံ့ပေးသော အရာများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို လျော့ကျစေကြောင်းမှာလည်း ထင်ရှား သည်။ မြန်မာနိုင်ငံအတွက် လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါသော်လည်း ၎င်းအတွက်ကြောင့် ကောင်းမွန်သောမြစ်ကို ထိခိုက်စေခြင်းသည် မဖြစ်သင့်ပေ။

WWF သည် သဘာဝနှင့် လူသားတို့ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရန် ဦးစားပေးပါသည်။ မြန်မာနိုင်ငံတွင် ထိုသို့ နေထိုင် နိုင်မည်ဟုလည်း ယုံကြည်ပါသည်။ WWF သည် မြန်မာ့ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မြစ်များကို မထိခိုက်စေဘဲ တိုးတက်ရန်ပံ့ပိုးပေးပါသည်။ဧရာဝတီမြစ်သည်မြန်မာနိုင်ငံအတွင်းရှိလူမှုရေးနှင့်စီးပွားရေးလုပ်ငန်းများစွာအတွက်အထောက်အကူပြုလျက် ရှိပါသည်။ မြစ်မှ ထောက်ပံ့ပေးနေသော အရာများမရှိလျှင် မြန်မာ့စီးပွားရေးသည် ယခုအခြေအနေနှင့် တူညီစွာ ရှိနေမည် မဟုတ်ချေ။ ရေအားလျှပ်စစ် ဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုဇုန်များ တိုးချဲ့မှု၊ ရေလုပ်ငန်းများ တိုးချဲ့ခြင်း စသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ အားလုံးကို တပြိုင်တည်းတိုးတက်စေရန်မှာ မဖြစ်နိုင်ချေ။ အနာဂတ်အတွက် တူညီသော အမြင်မရှိပါက ကဏ္ဍတစ်ခုနှင့် တစ်ခု အပြိုင်အဆိုင်ဖြစ်နေကြမည် ဖြစ်ပြီး အမှန်တကယ် အရေးကြီး အသုံးဝင်သော အခွင့်အလမ်းများကို လက်လွတ်ရနိုင်သည်။ မတူညီသော ကဏ္ဍများ၏ ဖွံ့ဖြိုး တိုးတက်စေနိုင်မည့် အခွင့်အလမ်းများနှင့် သက်ရောက် စေနိုင်သော ဆိုးကျိုးများကို ကိန်းဂဏန်းများဖြင့် ဖော်ပြထားခြင်းဖြင့် ကဏ္ဍတစ်ခုချင်းစီ၏ မူခြေအခြေအနေများကို သိရှိပြီး စီမံကိန်းရေးဆွဲရာတွင် ပိုမိုအမြော်အမြင်ရှိသော ၊ ရေရှည်ဖွံ့ဖြိုးစေနိုင် သော ချဉ်းကပ်မှုများ ဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့၏ ရေရှည်တည်တံ့နိုင်ပြီး လွတ်လပ်စွာ စီးဆင်းနေဆဲ ဧရာဝတီ မြစ်ဝှမ်းဒေသဖြစ်ရေး တိုက်တွန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

စီးပွားရေးစီမံချက်များအတွက် ဆုံးဖြတ်ချက်ချမည့်သူများသည် မတူညီသော ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းများအကြား အချင်းချင်း ဆက်နွယ်မှုများနှင့် အပေးအယူများ (trade-off) အကြောင်း စုံစမ်းလေ့လာရန် လိုအပ်ပါသည်။ ထို့ပြင် ၎င်းကဏ္ဍများနှင့် လူတို့ အမှီပြုနေသော သဘာဝအရင်းအမြစ်များနှင့် ဂေဟစနစ် လုပ်ဆောင်မှုများအကြား မည်ကဲ့သို့ အပြန်အလှန် ဆက်နွယ်နေသည်ကိုလည်း လေ့လာသိရှိရန် လိုအပ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအနေဖြင့် အချို့သော အခြေအနေများတွင် စည်းမျဉ်းစည်းကမ်းများသည် မသေချာမရေရာလှသော်လည်း နိုင်ငံအတွင်း ကောင်းမွန်သော ရေ စီမံခန့်ခွဲမှုကို အကောင်အထည်ဖော် လုပ်ဆောင်ကြရန် လိုအပ်ပါသည်။ ဧရာဝတီမြစ်ဝှမ်းလွင်ပြင် ဒေသကြီးတစ်ခုလုံးတွင် ရုပ်ပိုင်းဆိုင်ရာ၊ စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာအရ ရေနှင့်သက်ဆိုင်သော ဘေးဖြစ်နိုင်ချေများကို လျှော့ချရန်မှာ ၎င်းတို့၏ ရေရှည်စီးပွားရေးအတွက်ပါ လိုအပ်ပါသည်။

လူမှုအဖွဲ့အစည်းများသည် ဆုံးဖြတ်ချက်ချနိုင်သူများ၊ ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအဖွဲ့အစည်းများအကြား ဧရာဝတီမြစ်ဝှမ်းဒေသနှင့် ပတ်သက်၍ နှစ်ခြိုက်လိုလားဖွယ်ကောင်းသည့် ရေရှည်တည်တံ့အကျိုးရှိသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်သည့် ပွင့်လင်းမြင်သာရှိသော ဆွေးနွေးတင်ပြနိုင်ခွင့်များကို ဆက်လက် တောင်းဆိုသွားရန် လိုအပ်ပါသည်။

နောက်ဆုံးအချက်အနေဖြင့် တင်ပြလိုသည်မှာ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးမှုနှင့် လူမှုရေးအရ တိုးတက်မှုတို့ဆီ သွားရာလမ်းတွင် မဟာဗျူဟာများနှင့် စီမံကိန်းများကို ညှိနှိုင်းဆောင်ရွက်ရန်မှာ အထူးပင် အရေးကြီးပါသည်။ ဤအချက်သည် အစိုးရအတွက် သာမက နိုင်ငံတွင်းရှိ ဖွံ့ဖြိုးရေးအကူအညီများအတွက်ပါ မှန်ကန်ပါသည်။ အထူးသဖြင့် မြစ်ဝှမ်းဒေသ စီစဉ်ဆောင်ရွက်မှုသည် သတ္တုတွင်းလုပ်ငန်းများမှသည် ခရီးသွားလုပ်ငန်းများအထိနှင့် အထက်ပိုင်း ရေဝေရေလဲ ဒေသမှသည် မြစ်ဝကျွန်းပေါ်ဒေသအထိ စီးပွားရေး လုပ်ငန်းဆောင်တာများ အားလုံး ညှိနှိုင်းလုပ်ဆောင်ကြရေးအတွက် အရေးပါသောကဏ္ဍတွင် ရှိနေသည်။ မျိုးသုဉ်းမည့် အန္တရာယ် ရှိနေသော ဧရာဝတီလင်းပိုင်များ နေထိုင်ရာ၊ ရေလုပ်ငန်းအတွက် အထွက်နှုန်းကောင်းရာ၊ မြန်မာ့ စီးပွားရေးကဏ္ဍအတွက် အခြေခံရင်းမြစ်များ ဆက်လက်ပံ့ပိုးနိုင်သည့် စက်မှုနှင့် သတ္တုတွင်း လုပ်ငန်းများ ဖွံ့ဖြိုးရာ ဧရာဝတီမြစ်ကြီး၏ တမူထူးခြားသည့် အခြေအနေကို ဆက်လက် ထိန်းသိမ်းနိုင်စေရန်အတွက် ဤဒေသဆိုင်ရာ စီမံဆောင်ရွက်မှုများသည် အားလုံးပါဝင် ညှိနှိုင်းဆောင်ရွက်သည့် ပုံစံ ဖြစ်ရန် အရေးကြီးလှပါသည်။

မြစ်မှ ထောက်ပံ့ပေးနေသော ဝန်ဆောင်မှုများ
မရှိဘဲ မြန်မာ့စီးပွားရေးသည် ယနေ့အခြေအနေသို့
ရောက်ရှိလာနိုင်မည် မဟုတ်ချေ။

သို့သော် လူသားတို့၏ လုပ်ဆောင်ချက်များသည်
မြစ်အပေါ် များစွာသော ဆိုးကျိုးများ
သက်ရောက်စေလျှက် ရှိသည်။

ကျမ်းကိုးစာရင်း

အစီရင်ခံစာများ

Asian Development Bank (ADB) Economics Working Paper Series No. 470. 2015. Myanmar's Agricultural Sector. http://www.themimu.info/sites/themimu.info/files/documents/Ref_Doc_Myanmars_Agricultural_Sector_ADB_Dec2015.pdf

Ayeyarwady Integrated River Basin Management Project (AIRBM), 2017. State of the Basin (SOBA) Synthesis Report.

Ketelsen, T., Taylor, L., Mai Ky Vinh, Hunter, R., Johnston, R., Shaoyu Liu, Kyaw Tint, Khin Ma Ma Gyi and Charles, M. 2017. State of Knowledge: River Health in the Ayeyarwady. State of Knowledge Series 7. Vientiane, Lao PDR, CGIAR Research Program on Water, Land and Ecosystems.

MoEE, Power Development Opportunities in Myanmar, Myanmar Investment Forum 2017, 6 - 7 June 2017.

World Bank, 2016. Myanmar Economic Monitor. Accessed: http://www.worldbank.org/en/country/myanmar/publication/myanmar-economic-monitor-december-2016

World Bank. 2016. Assessing Farm Production Economics: Myanmar. Assesst_Farm-Production-Economics_WB_Feb2016.pdf

World Bank. 2017. Myanmar Economic Monitor. Accessed: http://documents.worldbank.org/curated/en/271301485510327677/pdf/112317-WP-MEM-Jan27-17-final-PUBLIC.pdf

WWF, 2017. Alternative vision for Myanmar's power sector. Accessed: https://d2ouvy59p0dg6k.cloudfront.net/downloads/alternative_vision_for_myanmar_s_power_sector_draft.pdf

ဝက်ဘ်ဆိုက်များနှင့် သတင်းများ

IIED, 2013. "IIED shines a light on small-scale mining"

Extractives Industry Transparency Initiative (EITI), Myanmar. Accessed: https://eiti.org/myanmar

Mekong Flows, Biodiversity. Accessed 9 April 2018: http://mekongriver.info/biodiversity

Myanmar Times. 2016. Can eco-tourism save the Ayeyarwady's dolphins? https://www.mmtimes.com/lifestyle/13738-can-eco-tourism-save-the-ayeyarwady-dolphins.html

WCS. 2017. Dolphins in Myanmar. Accessed: https://programs.wcs.org/myanmar/Wildlife/Dolphin.aspx

WWF, 2017. Accessed 9 April 2018. http://www.wwf.org.mm/en/news_room/publications/?uNewsID=303391

Databases

Observatory of Economic Complexity, https://atlas.media.mit.edu/en/visualize/tree_map/hs92/export/mmr/show/0713/2016/

Myanmar Information Management Unit, (MIMU) http://themimu.info/

WWF

WWF

Why we are here

To stop the degradation of the planet's natural environment and to build a future in which humans live in harmony with nature.

http://www.wwf.org.mm/en/